# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

**၁၃၇၂ ခုနှစ် ၊ တပေါင်းလဆန်း ၁၀ ရက်**

**(၂၀၁၁ ခုနှစ် ၊ မတ်လ ၁၄ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအဝေးကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊၁၀ း ၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀ း ၀၃ ။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံ၍ ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အခုအချိန်မှာ လွှတ်တော်အတွင်းမှာ မေးကြတာတွေ၊ ဖြေကြတာတွေ၊ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက် ချတာတွေဟာ လွှတ်တော်ကို ပိုမိုအသက်ဝင်စေတာဖြစ်သလို ဒီမိုကရေစီရဲ့ သဘောသဘာဝများ ပိုမိုထင်ရှားစွာ တွေ့မြင်လာရပြီဖြစ်ပါတယ်။ ဒီလိုပဲ လွှတ်တော်အတွင်းမှာ ရိုးရိုးသားသား၊ပွင့်ပွင့်လင်းလင်း၊မျှမျှတတ၊ ညီညီညွတ်ညွတ်၊ ဂုဏ်သိက္ခာရှိရှိ ဆက်လက်ဆောင်ရွက်သွားကြပြီး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်သွားကြဖို့ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃)ဦး ရှိတဲ့အနက် အစည်းအဝေးကို ( ၄၃၂ )ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့(၉၉.၇၇) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေသုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀ နဲ့ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် အစည်းအဝေး နဝမနေ့အစီအစဉ်ကို ကြိုတင် ဖြန့်ဝေထားတဲ့ အတိုင်း ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀ း ၀၅ ။**

**ဥက္ကဋ္ဌ**။ ။ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ် များဟာမိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော် လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀ း ၀၇ ။**

**ဥက္ကဋ္ဌ။** ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး နဝမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၄၃၃)ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသူ မရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၁)ဦး ဖြစ်ပါတယ်။ ခွင့်ပန်ကြားခြင်းမရှိပဲ အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်သူ့လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

### မြို့ကြီးဆည်မှ ထွက်ရှိသော လျှပ်စစ်ဓာတ်အား တချို့ကို ဓနုဒေသသို့ ဖြန့်ဝေပေးရန် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀ း ၁၀ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်တဲ့ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းပြီးချိန်မှာ ဖြေကြားရမယ့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

ရှောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက မြို့ကြီးဆည်မှ ထွက်ရှိသော လျှပ်စစ်ဓာတ်အား တချို့ကို ဓနုဒေသသို့ ဖြန့်ဝေပေးရန်အစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်သိန်း (ရှောင် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကောင်းကျိုး လိုရာဆန္ဒနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှောင်မြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ်မှာပါတဲ့ မေးခွန်းအမှတ်စဉ် (က) နဲ့ (ခ) ဟာ ကျွန်တော်မေးမြန်းရမယ့် မေးခွန်းများဖြစ်ပါတယ်။ မေးမြန်းမယ့် အကြောင်းအရာတွေ အနေနဲ့ သဘောသဘာဝချင်း နီးစပ်တူညီနေတာဖြစ်တဲ့အတွက် မေးခွန်း(၂)ခု စလုံးကို တစ်စပ်တည်း မေးမြန်းခွင့်ပြုပါရန် ဦးစွာပထမ တင်ပြအပ်ပါတယ်ခင်ဗျား။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနယ်မြေဖြစ်တဲ့ ရှောင်မြို့နယ်၊ မြို့ကြီးကျေးရွာမှာ နိုင်ငံတော်က ဆည်ကြီးတစ်ခုကို တည်ဆောက်လျက်ရှိပါတယ်။ မြို့ကြီးဆည်ပြီးစီးပါက ထွက်ရှိလာတဲ့ လျှပ်စစ် ဓာတ်အားထဲမှ တချို့ဓါတ်အားကို ဖွံ့ဖြိုးမှု အလွန်တရာနည်းနေသေးတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနယ်မြေကို ဖြန့်ဝေပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်မရှိပါက ဓနုဒေသအတွက် မြို့ကြီး ဆည်မှ ဘယ်လိုအကျိုးခံစားခွင့်များ ရရှိနိုင်မယ်ဆိုတာကို သိလိုပါတယ်။

**ကင်းတားရေလှောင်တမံမှ ရှောင်မြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်ဓာတ်အားလိုင်းအား တိုးချဲ့ ဖြန့်ဖြူးပေးရန် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဦးအောင်သိန်း (ရှောင် မဲဆန္ဒနယ်)**။ ။ ကင်းတားရေလှောင်တမံ၏ အဓိကရေဝေရေလဲဒေသ ဟာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနယ်မြေ ရှောင်မြို့နယ်ဖြစ်ပါတယ်။ ကင်းတားရေလှောင်တမံမှ ရှောင်မြို့ပေါ်သို့ ဖြန့်ဝေပေးထားတဲ့ လက်ရှိ လျှပ်စစ်ဓာတ်အားလိုင်းကို ရေဝေရေလဲဒေသ ထိန်းသိမ်း စောင့်ရှောက်ရာမှာလည်းကောင်း၊ စီမံခန့်ခွဲရာမှာလည်းကောင်း ပိုမိုထိရောက်အောင်မြင် နိုင်စေရေး အတွက် တိုးချဲ့ဖြန့်ဖြူးပေးဖို့ အစီအစဉ် ရှိပါသလား။ မရှိပါက ရေဝေရေလဲဒေသကို အခြားနည်းလမ်း များဖြင့် မည်သို့မည်ပုံ ဆောင်ရွက် ပေးနိုင်မယ်ဆိုတာကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၁၆**။

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော် အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ပထမမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကတော့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေဖြစ်သော ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာတွင် နိုင်ငံတော်မှ မြို့ကြီးဆည်ကို တည်ဆောက်လျက်ရှိပါတယ်။ မြို့ကြီးဆည်ကြီးပြီးပါက ထွက်ရှိလာသော ဓာတ်အားတချို့ကို ဖွံ့ဖြိုးမှု နည်းသော ဓနုဒေသသို့ ဖြန့်ဝေပေးရန် အစီအစဉ်ရှိပါသလား။ မရှိပါက ဓနုဒေသ အတွက် မြို့ကြီး ဆည်မှ မည်သည့်အကျိုးခံစားခွင့်များ ရရှိမည်ကို သိလိုပါသည်ဟု မေးလာပါတယ်။ ဒီမေးခွန်းကို ပထမဖြေကြားပြီး ဒုတိယမေးခွန်းကိုလည်း ဒီပထမမေးခွန်းပြီးတာနဲ့ ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ရွာငံမြို့နယ်၊ ဓနုဒေသ အပေါ်မှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် ဆောင်ရွက်ထားမှုအခြေအနေများကို ယခုလိုရှင်းလင်း ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းအား အထူးပဲကျေးဇူး တင်ရှိပါတယ်။

ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာမှာရှိတဲ့ မြို့ကြီးဆည်ဟာ ၁၅ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်တဲ့ စက်(၂)လုံး တပ်ဆင်မှာ ဖြစ်ပါတယ်။ စုစုပေါင်း ၃၀ မဂ္ဂါဝပ်ထွက်ရှိမှာ ဖြစ်ပါတယ်။ ဒီစက်(၂)လုံးကနေ ပြီးတော့ လျှပ်စစ်ဓာတ်အားကို ၃၃ ကေဗွီဗို့အားနဲ့ ထုတ်မှာဖြစ်ပါတယ်။ မြို့ကြီးဆည်ကနေ လျှပ်စစ်ဓာတ်အားကို ထုတ်လာပြီး မြို့ကြီးဆည်စက်ရုံကနေပြီးတော့ တောင်တော်ကွင်း ပင်မဓာတ်အားခွဲရုံ၊ အင်းကုန်း ပင်မဓာတ်အားခွဲရုံကို ပို့လွှတ်ပြီးတော့ နိုင်ငံတော်ဓာတ်အားစနစ် National Power Grid နဲ့ ချိတ်ဆက်ပြီးပေးသွားမှာ ဖြစ်ပါတယ်။ ယခုအခါမှာ ဓနုဒေသရှိ မြို့နှစ်မြို့ဖြစ်တဲ့ ပင်းတယမြို့နဲ့ ရွာငံမြို့ကို နိုင်ငံတော်ဓာတ်အား စနစ်ကနေပြီး ဓာတ်အားပေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဓနုဒေသ မြို့ဖြစ်တဲ့ ပင်းတယမြို့ ပတ်ဝန်းကျင်မှာ ကျေးရွာ ၆ ရွာကိုလည်း Transformer ၁၀ လုံးနဲ့ နိုင်ငံတော် ဓာတ်အားစနစ်ကနေပြီး ဓာတ်အားပေးထားပြီး ဖြစ်ပါတယ်။ သုံးစွဲနေတဲ့ လျှပ်စစ်ဓာတ်အား

ပမာဏကတော့ 800KW ရှိပါတယ်။ဒ့ါအပြင် ရှာင်မြို့ကိုလည်း ကျွန်တော်တို့ နိုင်ငံတော် ဓာတ်အား စနစ်က ပေးထားပြီးအပြင် ၄င်းပတ်ဝန်းကျင် ကျေးရွာ ၂ ရွာကိုလည်း ရှာင်မြို့ပေါ်မှာရှိတဲ့ Transformer ၂ လုံးနဲ့ ဆက်သွယ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ကနေ မီးပေးထားပြီးဖြစ်ပါတယ်။ သုံးစွဲတဲ့ လျှပ်စစ်ဓာတ်အား ပမာဏ ကတော့ 300KW လောက်ရှိပါတယ်။ ဒါကြောင့်မို့ ဓနုဒေသကြီးမှာ အခုလို ကိုယ်စားလှယ် တော်ကြီး တင်ပြမေးမြန်းမှု မပြုခင်ကပင် နိုင်ငံတော်ဓာတ်အားစနစ်ကနေပြီးတော့ ဓာတ်အားသုံးနေပြီ ဖြစ် ကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ယခုလို ဖြေကြားရတဲ့အချက်ကို ကိုယ်စားလှယ်ကြီး အနေနဲ့ နှစ်သိမ့်ကျေနပ်မယ်လို့မျှော်လင့်ရင်းနဲ့ ပထမမေးခွန်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဖြေကြားချက်

**အချိန်၊ ၁၀ း ၁၉ ။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရှမ်းပြည်နယ်၊ ရှာင်မြို့နယ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းရဲ့ ဒုတိယမေးခွန်းကို ဆက်လက် ဖြေကြားမှာ ဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ ကင်းတားရေလှောင်တမံကနေပြီး ရေဝေရေလဲ ဧရိယာကနေ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေကို ဖြတ်ပြီးတော့ ရှာင်မြို့နယ်ကို ကျွန်တော်တို့ မီးပေးထားတာ ဖြစ်ပါတယ်။ ကင်းတားရေလှောင်တမံကနေပြီးတော့ ရှာင်မြို့ပေါ်မှာ ဖြန့်ဝေပေးထားတဲ့ လက်ရှိ ဓာတ်အားလိုင်းဟာ ရေဝေရေလဲထိန်းသိမ်းတဲ့နယ်မြေမှာ ကျရောက်စေပြီး ဖြစ်တဲ့အတွက် ဒါကို တိုးချဲ့ပြီး ဖြန့်ဖြူးဖို့ ရှိပါသလား။ မရှိလို့ရှိရင်လည်း အခြားနည်းလမ်းနဲ့ မည်ကဲ့သို့ ဆောင်ရွက်ဖို့ ရှိပါသလဲလို့ ဒုတိယ မေးခွန်းကို မေးထားတာရှိပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဖြေရမယ်ဆိုရင်လည်း ရှာင်မြို့ပေါ်ကို ပေးထားတဲ့မီးဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးသလိုပါပဲ။ ကင်းတားဆည်က နေပြီးတော့ ကျွန်တော်တို့ 11KV ဓာတ်အားလိုင်းနဲ့ ၁၂ မိုင် သွယ်တန်းပြီး မီးပေးထားတာလည်း ဖြစ်ပါတယ်။ ဒီကင်းတားစက်ရုံကနေပြီးတော့ ထုတ်လုပ်တဲ့ ဓာတ်အားဟာဆိုရင် စိုက်ပျိုးရေတောင်းခံမှုပေါ်မှာ မူတည်ပြီးတော့ပဲ ဓာတ်အားကို ထုတ်ပါတယ်။ တစ်ရက် ၂၄ နာရီမှာ ကျွန်တော်တို့ ၈ နာရီခန့်သာ

ကင်းတားဆည်က ဓာတ်အားထုတ်တာဖြစ်ပါတယ်။ ကျန်အချိန်များမှာတော့ ဓာတ်အားမထုတ်ဘဲနဲ့ အရန်အဖြစ် ထားရှိတာဖြစ်ပါတယ်။ ကင်းတားစက်ရုံက ဓာတ်အားမထုတ်တဲ့အချိန်မှာ နိုင်ငံတော် ဓာတ်အားစနစ်ကနေပြီးတော့ ကင်းတားစက်ရုံကိုမီးပြန်ပြီး ပေးထားတာဖြစ်ပါတယ်။ အဲဒီလို ကင်းတား စက်ရုံကနေ ရရှိထားတဲ့ မီးကို ရွှာငံကို ဆက်ပေးပြီးတော့ ရွှာငံမြို့ကိုလည်း နိုင်ငံတော်ဓာတ်အား စနစ်ကနေပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ကင်းတားစက်ရုံက ရပ်နေသော် လည်း ရွှာငံမြို့အနေနဲ့ရော ပတ်ဝန်းကျင်ပါ ဓာတ်အားစနစ်က ရနေမြဲရနေမှာဖြစ်ပါတယ်။ ဓာတ်အား စနစ် တိုးချဲ့ဖြန့်ဖြူးမှုနဲ့ ပတ်သက်လို့ ရွှာငံမြို့နယ် ရေဝေရေလဲဇရိယာ ဓာတ်အားလိုင်းဖြတ်ပြီး မီးပေးမည့်အစား နိုင်ငံတော် ဓာတ်အားစနစ်နဲ့ မည်ကဲ့သို့ ပေးမည်လဲဆိုတဲ့အချက်နှင့် ပတ်သက်လို့ လည်း ဒီအောင်ပန်းမြို့မှာရှိတဲ့ 66KV ခွဲရုံကနေ ပြီးတော့ ပင်းတယမြို့ ၊ ပင်းတယမြို့ကနေ ရွှာငံမြို့အထိ ဆက်လက်ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်မည့် အစီအစဉ်လည်း ကျွန်တော်တို့ ရေးဆွဲပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဓာတ်အားပို့လွှတ်မည့် အစီအစဉ်များရှိနေပြီးဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဆောင်ရွက်သွားမည့်အစီအစဉ်ထဲမှာပါရှိကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်မြင့် လက်ရှိနေရာက စောင့်ဆိုင်းပါ။

**အချိန်၊ ၁၀း၂၂။**

**ရခိုင်ပြည်နယ်မှ ပြည်သူများ ခံစားနေရသော လျှပ်စစ်ဓာတ်အား သုံးစွဲခနှုန်းထားနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။သံတွဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ရခိုင်ပြည်နယ်မှ ပြည်သူများ ခံစားနေရသော လျှပ်စစ်ဓာတ်အား သုံးစွဲခ နှုန်းထားနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်း ဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ နိုင်ငံတော် လျှပ်စစ် ဓာတ်အား ကွန်ယက်ကနေပြီးတော့ လျှပ်စစ်ဓာတ်အားကို ပေးပို့ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးတဲ့ အတွက်ကြောင့် ခေတ်အဆက်ဆက်ကနေ ဒီဇယ်လျှပ်စစ်ဓာတ်အားပေးစက်များနဲ့သာ လျှပ်စစ် ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနေရတဲ့ ဒေသဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ် က စတင်ပြီးတော့

ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ မြို့နယ် ၁၇ မြို့နယ်လုံးမှာ မြို့နယ်မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီးတော့ လျှပ်စစ်ဓာတ်အား ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်စေခဲ့ပါတယ်။ အခုအချိန်မှာ ဒီဇယ်ဆီဈေးနှုန်း ကြီးမြင့်လာတာကတစ်ကြောင်း၊ ဓာတ်အားခနှုန်းထားတွေကို အကန့်အသတ်နဲ့သာပေးဆောင်နေတဲ့ အချို့သော အစိုးရဌာနများအတွက် ကျွန်တော်တို့ လျှပ်စစ် သုံးစွဲသူပြည်သူများက ပိုမိုစိုက်ထုတ်ကျခံ သုံးစွဲနေရတဲ့ဟာတို့ရှိပါတယ်။ ဒါကြောင့် တစ်ရက်ကို ကျွန်တော်တို့က လျှပ်စစ်ဓာတ်အားကို ၄ နာရီခန့်သာ ဖြန့်ဖြူးပေးနိုင်ပြီးတော့ ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းက ၄၅၀ ကျပ်ကနေ ၁၀၀၀ ကျပ်ထိ ပေးဆောင်နေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှာ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း ပြီးစီးဖို့အတွက် ကာလအခိုက်အတန့်တစ်ခုတော့ ကြာမြင့်အုံးမယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ ရေအားလျှပ်စစ် ဓာတ်အားစီမံကိန်းက လျှပ်စစ်ဓာတ်အားကို မဖြန့်ဖြူးပေးနိုင်သေးခင် ကြားကာလမှာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ဒီဇယ်ဆီနဲ့ လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနေတဲ့ ဒေသတွေကဲ့သို့ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းက သက်သာတဲ့ လျှပ်စစ်ဓာတ်အားခ သုံးစွဲခနှုန်းထားကို ပြည်ထောင်စုထဲမှာရှိတဲ့ အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ ပြည်သူများ ခံစားနေရတဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲခ အခွင့်အလမ်းရှိအောင် ကျွန်တော်တို့ ရခိုင်ပြည်နယ် ပြည်သူများအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိရှိလိုပါတယ်။ အကယ်၍ စီစဉ်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်လည်း မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမယ်ဆိုတာ တစ်ပါတည်းသိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း ၂၅။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ ရခိုင်ပြည်နယ်တွင် ၂၀၀၃ခုနှစ်မှစ၍ မြို့နယ်မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားပေးခြင်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်စေခဲ့ရာ ယခုအချိန်တွင် ဓာတ်အား တစ်ယူနစ် ဈေးနှုန်းမှာ ၄၅၀ ကျပ်မှ ၁၀၀၀ ကျပ်အထိ ပေးဆောင်နေရပါသည်။ ထို့ကြောင့်

ရခိုင်ပြည်နယ်မှ ပြည်သူများခံစားနေရသော လျှပ်စစ်ဓာတ်အား သုံးစွဲခနှုန်းထားကို ပြည်ထောင်စုအတွင်းရှိ အခြားတိုင်းဒေသကြီးများနှင့်ပြည်နယ်များမှ ပြည်သူများနည်းတူခံစားနိုင်သည့်အခွင့်အလမ်း ရရှိရန် သက်ဆိုင်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိအား သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုပါ တစ်ပါတည်းသိလိုပါသည်ဟု မေးလာသော မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးရဲထွန်းအနေနဲ့ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားခ တစ်ယူနစ်ဈေးနှုန်းနဲ့ပတ်သက်ပြီး အခက်အခဲကို ဖြေရှင်းပေးစေလိုတဲ့ ဆန္ဒနဲ့မေးမြန်းလာသလို ကျွန်တော့်ဘက်ကလည်း ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေရတဲ့အပေါ်မှာ တွေ့ကြုံနေရတဲ့ အခက်အခဲများကို ဒီနေရာမှာ ရှင်းရှင်းလင်းလင်း ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်းကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ရခိုင်ပြည်နယ်အနေနဲ့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို မရရှိသေးသော်လည်း ပြည်နယ်အတွင်းမှာ လျှပ်စစ်ဓာတ်အား နေရာအနှံ့ ဖြန့်ဖြူးနိုင်ရန်အတွက် ပြည်နယ်ရုံး ၁ ရုံး၊ ခရိုင်ရုံး ၄ ရုံး၊ မြို့နယ်ရုံး ၁၈ ရုံး၊ မြို့နယ်ခွဲရုံး ၃ ရုံး၊ မြို့ရုံး ၂ ရုံး၊ စုစုပေါင်း လျှပ်စစ်အင်ဂျင်နီယာ ရုံးပေါင်း၂၈ ရုံး တည်ဆောက်ထားပါတယ်။ ဝန်ထမ်းများအနေနဲ့ အရာထမ်း ၁၆ ဦးနဲ့ အမှုထမ်း ၃၀၇ ဦး၊ စုစုပေါင်း ၃၂၃ ဦးနဲ့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ စစ်တွေမြို့၊ ဒါ့အပြင် ခရိုင်မြို့များဖြစ်တဲ့ သံတွဲ၊ ကျောက်ဖြူ မောင်တော အဲဒီမြို့တွေ အပါအဝင် စုစုပေါင်း ၂၈ မြို့နယ်အတွင်းမှာ မီးစက်အလုံးပေါင်း ၁၀၀ နဲ့ လျှပ်စစ်ဓာတ်အားကို ပေးနေတာဖြစ်ပါတယ်။ ၄င်းမီးစက်များအတွက် စက်သုံးဆီဟာ တစ်လမှာ ဂါလန် ၂၉၅၉၀ ဂါလန် ဖြစ်ပြီး တစ်နှစ်မှာ ဂါလန် ၃၅၅၀၈၀ ဂါလန် နိုင်ငံတော်ကနေပြီး ကျခံပေးထားတာ ဖြစ်ပါတယ်။ ခန့်အပ်ထားတဲ့ ဝန်ထမ်းအားလုံးဟာ တစ်လမှာလစာငွေ ၁၂.၂၀ သန်းဖြစ်ပြီးတော့ တစ်နှစ်ကို ၁၄၆.၄၃၁ သန်း ကုန်ကျပါတယ်။ အဲဒီ ဝန်ထမ်းတွေထဲမှာဆိုရင် ရခိုင်တိုင်းရင်းသား ၃၀၆ဦး ပါဝင်တဲ့အတွက် ဝန်ထမ်းအားလုံးရဲ့ ၉၅% ဟာ ရခိုင်တိုင်းရင်းသားများ ပါဝင်ပါတယ်။ တပ်ဆင်ထားတဲ့ မီးစက်များရဲ့တန်ဖိုးဟာဆိုရင် ၂၄၆၄.၅ သန်းဖိုး တပ်ဆင်ထားတာဖြစ်ပါတယ်။ လောင်စာဆီ တန်ဖိုးဟာ တစ်လမှာ ၃၆.၁၉၀ သန်းနဲ့ တစ်နှစ်မှာ ၄၃၄.၂၈၅ သန်း ကုန်ကျပါတယ်။

ဒါ့အပြင် စက်များ၊ ဓာတ်အားလိုင်းများနဲ့ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ကြံ့ခိုင်မှုထိန်းသိမ်း ပြုပြင်ခြင်း၊ လိုအပ်တဲ့အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဒါတွေကို ဆောင်ရွက်တဲ့အခါမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာဆိုရင် ကျပ်သန်းပေါင်း ၁၇၇၆.၇ သန်းအထိ နိုင်ငံတော်ကနေ အကုန်အကျခံပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဌာနကနေပြီးတော့ စက်သုံးဆီကိုတော့ ကျွန်တော်တို့ ၂ နာရီ မီးပေးနိုင်တဲ့ အဆင့်သာပေးနိုင်ပြီးတော့ ၂ နာရီပေးထားတဲ့ စက်သုံးဆီနဲ့

မောင်းနေတဲ့မြို့တွေဟာဆိုရင် ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်၊ ကျီးကန်းပြင်၊ တောင်ညိုလက်ဝဲ၊ ကြိမ်ကျောင်း၊ အမ်း၊ မအီ၊ ကျိန္တလီ၊ ပေါက်တော၊ ပလက်ဝ၊ ပုဏ္ဏားကျွန်း၊ မြေပုံ စတဲ့ ၁၃ မြို့ဖြစ်ပါတယ်။ အဲဒီကတော့ ဌာနက ပေးတဲ့စက်သုံးဆီနဲ့သာ မောင်းပြီးတော့ ရိုးရိုးအိမ်သုံးကို ၂၅ ကျပ်နဲ့ စီးပွားရေးသုံးကို ၅၀ ကျပ်နဲ့ တစ်နှစ်မှာငွေကျပ် ၄၅၃.၆ သန်း အရှုံးခံပြီးတော့ အဲဒီမြို့တွေကို ကျွန်တော်တို့ မီးပေးထားတာဖြစ်ပါတယ်။ ဓါတ်အားပေးချိန် ၂ နာရီထက်ပိုပြီး ရလိုတဲ့မြို့တွေကတော့ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြောက်ဦး၊ကျောက်တော်၊ မင်းပြား၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်၊ ဂွ စတဲ့ ၁၀ မြို့ ရှိပါတယ်။ အဲ့ဒီမှာ မြို့မီးလင်းရေး ကော်မတီတွေ ဖွဲ့ပြီး စပါးခွံ မီးစက်တွေ တည်ဆောက်ပြီးတော့ စက်သုံးဆီဖိုးကိုလည်း မီးလင်းရေးကော်မတီက ကျခံပြီး မီးပေးတဲ့အခါမှာ တချို့မြို့တွေက ၄ နာရီ၊ တချို့မြို့တွေ ၇ နာရီထိ ပေးနိုင်တဲ့မြို့တွေ ပေးနေကြ ပါတယ်။ မီးပေးချိန် တိုးမြှင့်ပေးတဲ့အတွက်လည်း ထုတ်လုပ်မှု ကုန်ကျစရိတ် ပေါ်မူတည်ပြီးတော့ တစ်ယူနစ်ကို ၄၀၀ ကျပ်ကနေပြီး ၆၀၀ ကျပ် အထိ ဒေသအတွင်းမှာ ဒေသအလိုက် ကောက်ခံနေကြတာဖြစ်ပါတယ်။ ဒေသအလိုက် မီးလင်းရေး ကော်မတီကနေပြီး ကောက်ခံ နေတဲ့ နှုန်းထားများကို ပြောမယ်ဆိုရင် စစ်တွေ၊ ကျောက်ဖြူ၊ မြောက်ဦး၊ မာန်အောင်၊ တောင်ကုတ် တို့မှာ ၄၀၀ ကျပ်၊ ကျောက်တော်၊ မင်းပြား၊ရမ်းဗြဲတို့မှာ ၅၀၀ ကျပ်၊ ဂွမြို့မှာ ၅၅၀ ကျပ်၊ သံတွဲမှာ ၆၀၀ ကျပ်တို့ပဲ ဖြစ်ပါတယ်။ တစ်ယူနစ်ကို ၁၀၀၀ ကျပ် ကောက်ခံတဲ့မြို့ ယခု အချိန်ထိ ရခိုင်ပြည်နယ်ထဲမှာ မရှိသေးကြောင်း ရှင်းလင်းပြောကြားလိုပါတယ်။ ထုတ်လုပ်မှုကုန်ကျ စရိတ်များအနေနဲ့ ဒီဇယ် တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့တွက်မယ်ဆိုရင် ဒီဇယ်တစ်ဂါလန်ဟာ ၁၀ ယူနစ်ခန့် ထွက်ပါတယ်။ ဒါကြောင့်မို့ တစ်ယူနစ်တန်ဖိုးဟာ ၃၀၀ ကျပ် ရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။ သယ်ပို့စရိတ်၊ ဖြန့်ဖြူးစရိတ်ဟာ တစ်ယူနစ်မှာ ၁၉ ကျပ်ကျနေပါတယ်။ ဒါကြောင့်မို့ တစ်ယူနစ်ရဲ့ တန်ဖိုးအရင်းဟာ ၃၁၉ ကျပ် ရှိနေပြီးဖြစ်ပါတယ်။ မီးထွန်းရေးကော်မတီကနေကောက်တဲ့ တစ်ယူနစ် နှုန်းဟာ ၄၀၀ ကျပ် ဖြစ်တာနဲ့ တွက်မယ်ဆိုရင် တစ်ယူနစ်မှာ ဒီဇယ်ဖိုးက ၃၀၀ ကျပ် ၊ သယ်ပို့စရိတ်က ၁၉ ကျပ်၊ ဝန်ကြီးဌာနမှာ သွင်းရတဲ့ တစ်ယူနစ်ခိုင်ကြေး (Royalty Fee) ၅ ကျပ်ကို နှုတ်လိုက်ရင် ၇၆ ကျပ် ကျန်ပါတယ်။ ယင်း ၇၆ ကျပ်ဟာ စက်များကြံ့ခိုင်ထိန်းသိမ်းရေး ၊ မီးလင်းရေးအဖွဲ့ရဲ့ ရုံးစရိတ်များ သုံးစွဲရင် ၄၀၀ ကျပ် နှုန်းဟာ သင့်တော်တဲ့နှုန်းများဖြစ်ကြောင်း ရှင်းလင်းပြောကြား လိုပါတယ်။ သို့သော်လည်း ဒီဇယ် ၁ ဂါလန် ဈေးမြင့်တက်လာရင် တစ်ယူနစ်ထုတ်လုပ်မယ့် ဈေးလည်း မြင့်တက်မယ်ဆိုတာတော့ သတိထားသင့်ပါတယ်။ နောင်ဆိုရင် ရခိုင်ပြည်နယ်အနေနဲ့ အခြားတိုင်း ဒေသကြီး၊ ပြည်နယ်ကြီးများ နည်းတူ ခံစားခွင့်ရှိပါသလားဆိုတဲ့အချက်ကို ရှင်းလင်းပြောကြား လိုပါတယ်။

ရခိုင်ပြည်နယ်အတွင်း သံတွဲခရိုင်၊ သံတွဲမြို့နယ်အတွင်းမှာ သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းဟာ ၁၁၁ မဂ္ဂါဝပ် ထုတ်မှာဖြစ်ပါတယ်။ မောင်တော၊ ဘူးသီးတောင်မြို့နယ်အတွင်းမှာ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းက ၇၆.၅ မဂ္ဂါဝပ် ထုတ်နိုင်ရန်အတွက် တည်ဆောက် လျက်ရှိပါတယ်။ ဒီစီမံကိန်းတွေ ပြီးသွားလို့ရှိရင် သံတွဲ၊ တောင်ကုတ်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ကျိန္တလီမြို့များကို 66KV ဓာတ်အားလိုင်းများ တည်ဆောက်၍လည်းကောင်း၊ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်း ပြီးသွားရင်လည်း ပုဏ္ဏားကျွန်း၊ စစ်တွေ၊ မြောက်ဦး၊ မင်းပြားမြို့များကို 66KV ဓာတ်အားလိုင်းများ တည်ဆောက်၍ လည်းကောင်း၊ မြန်မာနိုင်ငံတော် ဓာတ်အားစနစ်ကနေပြီး ဓာတ်အားများကို ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပြီးတော့ ဓာတ်အားစနစ်က ရရှိတဲ့အခါမှာ ဒီမြို့တွေဟာလည်း အိမ်သုံးမီတာဆိုရင်၂၅ကျပ်၊ စီးပွားသုံးမီတာဆိုရင် ၅၀ ကျပ်နဲ့ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ တစ်ယူနစ်ဈေးနှုန်းဟာ ၂၅ ကျပ်၊ ၅၀ကျပ် နဲ့ရောင်းလိုက်ရလို့ အကျိုးအမြတ်များများရှိတယ်လို့ မထင်ပါနဲ့ခင်ဗျာ။ ၂၅ ကျပ်နှုန်း ရယ်၊ ၅၀ကျပ် နှုန်းရယ် ရောင်းတဲ့အခါမှာ တစ်တိုင်းတစ်ပြည်လုံး ယူနစ်သန်းပေါင်းဟာ ၂၅၄၇.၄၄၈ ယူနစ်သန်းရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ငွေကျပ်သန်းပေါင်းဟာ ၈၄၆၉၀.၃၉၇ ကျပ် ရရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်ယူနစ်ရဲ့ ပျမ်းမျှငွေကို တွက်လိုက်မယ်ဆိုရင် ၃၃ ကျပ်နဲ့၂၅ ပြားသာရှိပါတယ်။ ဒီထဲမှာ ၃၃ ကျပ်နဲ့၂၅ ပြားကနေပြီးတော့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို တစ်ယူနစ်တန်ဖိုး ၂၀ ကျပ်ပေးရတဲ့အတွက် ကျွန်တော်တို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ ၁၃ ကျပ်နဲ့ ၂၅ပြား သာကျန်ပါတယ်။ ဒီတစ်ယူနစ်အတွက် တခြားကုန်ကျစရိတ်တွေဖြစ်တဲ့ လစာ၊ လောင်စာဆီ၊ အခွန်အခ၊ ပြုပြင်ထိန်းသိမ်းခ ပေါင်းလိုက်လို့ရှိရင် ၁၂ ကျပ်နဲ့ ၆၂ ပြား ကုန်ကျထားတာရှိပါတယ်။ ဒါကြောင့် နောက်ဆုံး တစ်ယူနစ်မှာ ဝန်ကြီးဌာနအနေနဲ့ ၀.၆၃ ကျပ် တစ်နည်းအားဖြင့်ဆိုရင် ၆၃ပြားသာ ကျန်ပါတယ်။ အဲဒီကျန်တဲ့အမြတ်ကနေပြီးတော့ ဌာနကနေထုတ်ပေးထားတဲ့ စက်သုံးဆီတွေကို ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဖြန့်ပေးထားတဲ့ မီးစက်တွေအတွက် အရှုံးပမာဏကိုလည်း ဒီထဲက နေပြီး ခုခံပေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒီ မီးရရှိမှုအပေါ် မူတည်ပြီး တစ်ယူနစ် ရဲ့အကျိုးအမြတ်ဟာ မပြောပလောက်တဲ့ အနေအထားရှိတာကို ရှင်းလင်းပြောကြား လိုပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်ရဲ့ လျှပ်စစ်နှုန်းထားအပေါ်မှာ ကျွန်တော့်အနေနဲ့ တင်ပြချက်ကို ရှင်းလင်း ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်၊ သံတွဲ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း မေးမြန်းမှုဟာ စိတ်ဝင်စားစရာကောင်းသလို ဖြေကြားသွားမှုဟာလည်း အင်မတန်မှ စိတ်ဝင်စားစရာကောင်းလို့ ပြည့်စုံပါတယ်။ သို့ရာတွင် ဦးရဲထွန်း တင်ပြတဲ့ နေရာမှာ ကျွန်တော် မှတ်သားမိလိုက်တာက အစိုးရအဖွဲ့အစည်းများ၏ လျှပ်စစ်သုံးစွဲမှုကို

ပြည်သူတွေက ကျခံပေးရတယ်ဆိုတဲ့ အဓိပ္ပါယ် ပါဝင်တာကြားလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကြားလိုက်ရတာ မှန်ကန်တယ်။ ဦးရဲထွန်းရဲ့တင်ပြချက်ကလည်းအဲဒီအတိုင်းပဲ ဆိုလို့ရှိရင် အစိုးရ အဖွဲ့အစည်းများရဲ့ လျှပ်စစ်သုံးစွဲမှုကို ပြည်သူများကျခံနေရတယ်ဆိုတဲ့ အချက်ကိုတော့ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူနဲ့ အဖွဲ့အစည်းက ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း လွှတ်တော်ကတစ်ဆင့် သက်ဆိုင်သူများကို ပြောကြားလိုပါတယ်။(ဩဘာသံများ)

**ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် မည်သို့ပြင်ဆင်ထားသည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ယခု ကျောက်မဲ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) စိုင်းဆောင်ဆီက ကြားဖြတ် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရန် မည်သို့ပြင်ဆင်ထားသည်နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၃၆ ။**

**ဦးနယ်လ်ဆင်(ခ)စိုင်းဆောင်ဆီ(ကျောက်မဲ မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)စိုင်းဆောင်ဆီ ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ သမ္မတ ၊ ဒုသမ္မတ အရွေးချယ်ခံထားရသူများအပါအဝင် အုပ်ချုပ်ရေးအာဏာ အတွင်းသို့ ရောက်သွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ နေရာတွင် အစားထိုးရွေးချယ်ရန် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရန် မည်သို့ ပြင်ဆင်ထားသည် ၊ မည်သည့်အချိန်တွင် ကျင်းပမည်၊ လွတ်လပ်၍ တရားမျှတမှုရှိစေရန် မည်သို့စီမံထားသည် စသည်တို့ကို သိလိုပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း ၃၈ ။**

**ဦးသိန်းစိုး(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့သရင်း ဂါရဝ ပြုအပ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ)စိုင်းဆောင်ဆီရဲ့ မေးမြန်းချက်ကို ကျွန်တော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးမှ ပြန်လည်

ဖြေကြားပါမယ်။ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၈၆ နဲ့အညီ လစ်လပ်သွားသော လွှတ်တော်ကိုယ်စားလှယ်များနေရာမှာ အစားထိုး ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို အကြောင်းကြားမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လစ်လပ်တဲ့ လွှတ်တော် ကိုယ်စားလှယ်များ နေရာမှာ အစားထိုးရွေးကောက်တင်မြှောက်နိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ အရ အောက်ပါနေ့ရက်တွေကို သတ်မှတ်ကြေညာမှာ ဖြစ်ပါတယ်-

(က) လစ်လပ်သော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်၊

(ခ) လစ်လပ်သော မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်၊

(ဂ) လစ်လပ်သော မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက်၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို စိစစ်မည့်နေ့ရက်၊

(င) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင် သည့် နောက်ဆုံးနေ့ရက်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပနိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သွားတဲ့ မဲဆန္ဒနယ်များအတွက် မူလမဲစာရင်းကို အခြေပြုပြီးတော့ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှန်ကန်အောင် မဲစာရင်းများပြုစုခြင်း၊ မဲရုံ/မဲပုံး အစရှိတဲ့ ရွေးကောက်ပွဲအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ထားမှာ ဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ခန့်မှန်းချိန်ကာလမှာ ပွင့်လင်းရာသီဖြစ်တဲ့ မိုးအကုန် ဆောင်းအကူးဖြစ်တဲ့ ၂၀၁၁ ခုနှစ် ၊ အောက်တိုဘာလ ၊ နိုဝင်ဘာလခန့်မှာ ကျင်းပနိုင်မယ်လို့ ခန့်မှန်း ပါတယ်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲများကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေဖို့အတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ လေးမြို့မြစ်ရေ တိုက်စားမှုကာကွယ်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယခု မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ၏ ရခိုင်ပြည်နယ် မင်းပြားမြို့၊ လေးမြို့မြစ်ရေတိုက်စားမှုကာကွယ်ရေး နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀ း ၄၁ ။**

**ဦးအောင်စိန်သာ(မင်းပြားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ဂါရဝပြုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိန်သာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်သွင်းလိုတဲ့ မေးခွန်းကတော့ မင်းပြားမြို့ကို လေးမြို့မြစ်ရေတိုက်စားမှုမှ ကာကွယ်ပေးဖို့ အစီအစဉ်နဲ့ပတ်သက်လို့ မေးမြန်းဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းပြားမြို့ဟာ လေးမြို့မြစ်ကမ်းပေါ်မှာ တည်ရှိပါတယ်။ နှစ်စဉ်မြစ်ရေ တိုက်စားတာကို ခံရပါတယ်။ နွေရော ၊ မိုးရော တိုက်စားပါတယ်။ မိုးရာသီမှာဆိုရင် ပိုပြီးတော့ တိုက်စားခံရပါတယ်။ အဲလိုတိုက်စားခံရတာကြောင့် ကျွန်တော်တို့ မင်းပြားမြို့ရဲ့ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ် အဆောက်အဦများ၊ ဈေးဆိုင်များ၊ အနည်းဆုံး လယ်ယာစိုက်ပျိုးရေး ဂိုဒေါင်များအပါအဝင်၊ စာသင်ကျောင်းများ ၊ ဘောလုံးကွင်းများ အားလုံး ရေတိုက်စား ပြီးတော့ ပြိုပျက်သွားပြီး ဖြစ်ပါတယ်။ အဲဒါဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ အဓိကကျတဲ့ မြို့စီးပွားရေး နယ်မြေဖြစ်ပါတယ်။ အဲဒီစီးပွားရေး နယ်မြေ ဒီလို ဆုံးရှုံးရတဲ့အတွက် ကျွန်တော်တို့ မြို့အနေနဲ့ အများကြီး နစ်နာဆုံးရှုံးမှုရှိပါတယ်။ အခုဆိုလို့ရှိရင် မြို့ရဲ့ဧရိယာ သုံးပုံတစ်ပုံခန့်လောက်ဟာ မြစ်ရေ တိုက်စားတဲ့ထဲမှာ ပါသွားပြီ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမြစ်ရေတိုက်စားမှုကို ကျွန်တော်တို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေက တင်ပြတောင်းဆိုခဲ့ကြသော်လည်း၊ တစ်ခါတစ်ရံ လာပြီးတော့ ရေတားရေကာတာတွေ ၊ ရေတားတဲ့ နံရံတွေလုပ်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုလုပ်တာဟာ ကမ်းပါးရဲ့အပေါ်ပိုင်းကိုပဲ လုပ်တာ ဖြစ်ပါတယ်။ ရေတိုက်စားတာက ကမ်းပါးရဲ့အောက်ခြေကို တိုက်စားပါတယ်။ အဲဒီတော့လည်း ကြာရင် ဒီလုပ်ထားတဲ့ ရေကာတွေဟာ ပြိုကျပျက်စီးသွား ပါတယ်။ အဲဒါဟာ ကျွန်တော်တို့ အကြိမ်ကြိမ် တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လူခံ မြို့သူ/မြို့သားများအနေနဲ့ အခုအခါမှာ ခေတ်မီတဲ့ နည်းစနစ်ကို သုံးပြီး ဒီရေတားဖို့ သွင်းအားစုတွေကိုလည်း ထိုက်ထိုက်တန်တန် အသုံးပြုပြီးတော့ တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် အကုန်အကျခံပြီးတော့ သက်တောင့်သက်သာ မဟုတ်ဘဲနဲ့

အကုန်အကျကို အတော်အတန်ခံပြီးတော့ ဒီရေတိုက်စားမှုကို ကာကွယ်တဲ့ အနေဖြင့် သက်ဆိုင်ရာ ဌာနက လုပ်ပေးလိမ့်မယ်လို့ မြို့သူ/မြို့သားတွေက မျှော်လင့်နေပါတယ်။

ဒါကြောင့် ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းက ရခိုင်ပြည်နယ်၊ မင်းပြားမြို့သည် လေးမြို့မြစ်ရေ တိုက်စားမှုကြောင့် နှစ်စဉ်မြို့ဧရိယာမြေများ ပြိုကျ ဆုံးရှုံးနေခြင်းနှင့် မြစ်ကမ်းနား ရပ်ကွက်များဖြစ်တဲ့ ဦးစိုးတင့်ရပ်ကွက်၊ အောက်ရွာပိုင်းရပ်ကွက်၊ ပြည်တော်အေးရပ်ကွက်၊ မင်းပါကြီးရပ်ကွက်များရှိ လူနေအိမ်ခြေ၊ တိုက်တာများ ပြိုကျပျက်စီးနေသည်ကို သိပါသလား၊ သိလျှင် ထိုသို့ ပျက်စီးဆုံးရှုံးမှု များမှ ကာကွယ်ပေးရန် မည်သို့စီစဉ် ဆောင်ရွက်မှုများ ရှိပါသလဲ။ ဖော်ပြနိုင်ပါသလား။ ဆိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၄၅။**

**ဦးသိန်းဆွေ (ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းပြားမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ မေးမြန်းသွားတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မင်းပြားမြို့မှာ လေးမြို့မြစ်ရေတိုက်စားတဲ့အတွက် မြစ်ကမ်းနား ရပ်ကွက်များ ပြိုကျပျက်စီး ဆုံးရှုံးတဲ့ ကိစ္စနှင့်ပတ်သက်ပြီးမှ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ၁၉၉၉ -၂၀၀၀ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကမ်းပြို ကာကွယ်ရေးလုပ်ငန်းတွေ စတင်ဆောင်ရွက်ခဲ့ပါတယ်။ နှစ်စဉ် ဆောင်ရွက်ခဲ့ပြီးတော့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဆောင်ရွက်ချက်များကို တင်ပြရ မယ်ဆိုလို့ရှိရင် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှာ မြစ်ကမ်းခြေအတွင်း သဲမွေ့ယာချခြင်းကို ၁၃၂၀ ပေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၀-၂၀၀၁ ခုနှစ်မှာတော့ Geotube ချထားခြင်းလုပ်ငန်းကို ၂၄၉၀ ပေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၄-၂၀၀၅ ခုနှစ်မှာ ကျောက်စီတမံ ပေ ၃၅၀ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေး နှစ်မှာတော့ ကျောက်စီတမံ အလျားပေ ၁၈၀ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ကျောက်စီ မြေထိန်းနံရံ ၁၂၀ ပေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာလည်း ကျောက်စီမြေ ထိန်းနံရံ ပေ ၁၅၀ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ကျောက်စီမြေထိန်းနံရံ ပေ ၉၀ ကို

ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကျောက်စီမြေထိန်းနံရံ ပေ ၃၂၀ ကိုလည်းဆောင်ရွက်ပေးခဲ့ပါတယ်။စံမွလေချောင်းဝမှာအမှတ်(၁)မြေထိန်းနံရံ ပေ ၇၀ ဆောင်ရွက်နေပါတယ်။ ချောင်းဝရဲ့ အောက်ဖက်မှာ အမှတ်(၂) ရေထိန်းနံရံ ပေ ၁၂၀ ကို ဆောင်ရွက်နေပါတယ်။ ချောင်းဝရဲ့ အောက်ဖက်မှာပဲ အမှတ်(၃) ရေထိန်းနံရံ ပေ ၁၃၀ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ကျောက်စီမြေထိန်းနံရံ ပေ ၃၂၀ ကို ဆောင်ရွက်ပေးနေပါကြောင်းနှင့် မင်းပြားမြို့ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ဆက်လက်ပြီးမှ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ် ၊ ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင် အကွာရှိ ကုလားတန်မြစ်၏ တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှုနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းဆွေ ဆက်ပြီး ဒီနေရာမှာ နေပေးပါ။ ပလက်ဝ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းက ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင် အကွာရှိ ကုလားတန်မြစ်၏ တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှုနှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၀ း ၅၀။**

**ဦးပိုက်လင်း(ပလက်ဝ မဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ယနေ့လို မင်္ဂလာရှိတဲ့အချိန်မှာ ကျွန်တော်တို့ လွှတ်တော်ကြီးထဲမှာ ပလက်ဝမြို့ ပြည်သူလူထုရဲ့ကိုယ်စား ကျွန်တော် တင်ပြမေးမြန်းခွင့်ရတဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်တင်ပြရမှာက ကျွန်တော်တို့ ဒီ ကုလားတန်မြစ်မြောက်ပိုင်း မိုင် ၁၅၀ လောက်ဟာ အိန္ဒိယနယ်စပ်ကနေ ရခိုင်ပြည်နယ်စပ်ထိ ပလက်ဝမြို့နယ်အတွင်းမှာ ဖြတ်ပြီးတော့ စီးဆင်းလာတဲ့ အဲဒီမြစ်ကို ကျွန်တော်တို့ မြို့နယ်သူ၊ မြို့နယ်သားတွေက သွားလာရေးကိစ္စ၊ နောက် ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်ရေးတွေမှာ အဲဒီမြစ်ကြောင်း တစ်ခုကိုပဲ ကျွန်တော်တို့ အားထား ပြီးတော့ အသုံးပြုရပါတယ်။ ရှေးယခင်ကတည်းကစ ယနေ့အထိပါ။ဒါပေမဲ့ ၁၉၉၇ ခုနှစ် ၊ မိုးရာသီမှာ ပလက်ဝမြို့ရဲ့မြောက်ဘက် ၂၉ မိုင် ကွာဝေးတဲ့ တစ်နေရာမှာတောင်တွေပြိုတဲ့အတွက် ကျွန်တော်တို့ သွားလာရေးအခက်အခဲ ရှိခဲ့ပါတယ်။ ယနေ့တိုင်ပါ။ ၁၉၉၇ ခုနှစ်က ယနေ့အထိ ဆိုရင် ၁၄ နှစ်လုံးလုံး ကျွန်တော်တို့ဟာ ဒီ သွားလာရေးခက်ခဲမှု၊ အန္တရာယ်မကင်းတဲ့ ရေလမ်းခရီး သွားလာမှု၊ ပြီးတော့ သဘာဝဘေးအန္တရာယ်ကြီး မဟုတ်သည့်တိုင်အောင် ဘေးအန္တရာယ်ကလေးကို ကျွန်တော်တို့ ပလက်ဝနယ်သူနယ်သားတွေ ခံစားနေရပါတယ်။ ကျွန်တော်တို့ မြို့နယ်အတိုင်းအတာအရဆိုရင်

ထွက်ကုန်အများဆုံးဖြစ်တဲ့ လိမ္မော်သီး၊ နှမ်း၊ ပဲကြီး ယခုဆိုရင် ဝဥ၊ ဂမုန်း၊ နနွင်းခြောက်၊ ဂျင်းစိမ်းတွေကို အဲဒီမြစ်ကြောင်းမှာ အသုံးပြုပြီးတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မှတစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များ၊ ပြည်မ အလယ်ပိုင်းမြို့များ၊ ဘူးသီးတောင်၊ မောင်တော အထိကို ကျွန်တော်တို့ နှစ်စဉ် ပို့ဆောင်ပေးပါတယ်။ အဲဒါနဲ့ အခု မြစ်ကြောင်း ပိတ်ဆို့နေတဲ့အတွက် ကျွန်တော်တို့ဟာ ကုန်ကျစရိတ်များပြီးနောက် အဲဒီမှာ တစ်ထောက်နား ပြီးတော့ ရပ်နားရတဲ့ အတွက် ပုပ်သိုးပျက်စီးမှုတွေလည်း ကြုံတွေ့ရပါတယ်။ နောက်မိုးတွင်းရက်ကျ လို့ရှိရင် အဲဒီ ကမ်းကပ်ခါနီးမှာ ရေပဲအားတွေကြောင့် စက်လှေတွေလည်း ပျက်စီး နစ်မြုပ်ခဲ့ရတာ ယနေ့အထိ ၁၂ စီးလောက်ရှိသွားပါပြီ။ လူတွေလည်း ရေနစ်သေဆုံးခဲ့တာ ၄ ယောက်လောက် ရှိခဲ့ပါပြီ။ အဲဒါကြောင့် ဒီမြစ်ကြောင်း ပြုပြင်ရေးကို နိုင်ငံတော်အနေနဲ့ ပြုပြင်ပေးဖို့ ပလက်ဝနယ်သူ နယ်သားများ အထူးလိုလား နေတဲ့အတွက် အဲဒါကို ဒီ လွှတ်တော်မှာ လူထုတွေ ကိုယ်စား ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီ မြစ်ကြောင်းရေပိတ်ဆို့မှုကို နိုင်ငံတော်အနေနဲ့ လုပ်ပေးဖို့ အစီအစဉ် ရှိပါသလား။ နံပါတ်(၁)အနေနဲ့မေးလိုပါတယ်။ နံပါတ်(၂) အနေနဲ့ ကျွန်တော်တို့ ပြုပြင်မှု အစီအစဉ်များရှိလို့ရှိရင် မည်သည့်အချိန်က စတင်ပြီးတော့ ၊ မည်သည့် အချိန်လောက်မှာ ပြုပြင်မှု ပြီးစီးကောင်းမွန်မယ်ဆိုတာကို သိရှိလိုပါတယ်။ ကျွန်တော်တို့ ပလက်ဝ နယ်သူနယ်သားတွေကိုယ်စား မေးမြန်းရပါတယ်။ကျေးဇူးတင်လေးစားပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀ း ၅၃ ။**

**ဦးသိန်းဆွေ (ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပလက်ဝ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပိုက်လင်း မေးမြန်းသွားတဲ့ မေးခွန်းများကို ကျွန်တော် ဖြေကြားပါမယ်။ ပလက်ဝ မြို့မှ မြောက်ဘက် ၂၉ မိုင်အကွာမှာရှိတဲ့ ကုလားတန်မြစ်မှာ ၁၉၉၇ ခုနှစ်က မြေငလျင် ကြောင့် တောင်ပြိုပြီးတော့မှ ရေလမ်းပိတ်ဆို့တဲ့ ကိစ္စကို ကျွန်တော်တို့ဆီကို တရားဝင်တင်ပြမှုမရှိတဲ့ အတွက် သိရှိခဲ့ခြင်းမရှိပါဘူး။ ကုလားတန်မြစ်မှာရှိတဲ့ ဦးပိုက်လင်းဖော်ပြတဲ့ ရေအခြေအနေမှာ နွေ ရာသီမှာ ရေနည်းနေပြီးတော့မှ မိုးရာသီမှာတော့ ရေစီးသန်တဲ့အတွက် သင်္ဘောများ ပြေးဆွဲ အသုံးပြု နိုင်ခြင်း မရှိဘဲနဲ့ ဒေသစက်လှေများသာ အသုံးပြုနိုင်သည့်မြစ်လမ်းဖြစ်ပါတယ်။ တောင်ပြိုပိတ်ဆို့ခဲ့တဲ့ အထက် ဖော်ပြပါရေလမ်းနေရာကို ကျွမ်းကျင်တဲ့ ပညာရှင်များ စေလွှတ်ပြီးတော့မှ စစ်ဆေး တိုင်းတာဖို့နဲ့ ဒီလမ်းဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ဆောင်ရွက်နိုင်မယ့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားမှာ

ဖြစ်ပါတယ်။ အဲဒီပညာရှင်အဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက် အစီရင်ခံချက်ပေါ် မူတည်ပြီးတော့မှ အဲဒီရေလမ်းအခြေအနေတွေကို လိုအပ်သလိုဆောင်ရွက်သွားမှာ ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ တင်ပြခဲ့စဉ်က မင်းပြားမြို့ အတွင်းမှာရှိတဲ့ ရပ်ကွက် (၄)ခုလောက်က တချို့ အစိုးရအဆောက်အဦများ၊ တချို့ ပုဂ္ဂလိက အဆောက်အဦများ၊ မြေများ မြစ်ရေတိုက်စားမှုကြောင့် ဆုံးရှုံးသွားပါကြောင်းလည်း ကြားသိရပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာဌာနမှ လာရောက်ပြီးတော့ ရေတိုက်စားမှုကာကွယ်ရေးများကို စီမံဆောင်ရွက်နေတယ် ဆိုတာလည်း ကြားသိလိုက်ရပါတယ်။ ထိုနည်းတူစွာပဲ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြေကြားတဲ့နေရာမှာလည်း အစီအစဉ် တကျဆောင်ရွက်နေကြောင်းလည်း ကြားသိရပါတယ်။ သို့ရာတွင် ဒီလို ဆောင်ရွက် နေတဲ့ကြားထဲက မြစ်ရေတိုက်စားမှု ဆက်လက်ခံနေရသေးတယ်ဆိုရင် မိမိတို့ နည်းပညာအရသော်လည်းကောင်း၊ အခြားအကြောင်းအရာကြောင့်သော်လည်းကောင်း၊ လိုအပ်ချက်တစ်ခုများ ရှိများရှိနေမလားဆိုတာ ပြန်လည်သုံးသပ်ပြီးတော့ အချိန်ကုန်၊ ငွေကုန်၊ လုပ်အားတွေကုန်တာကုန်ရကျိုးနပ်အောင် ဆက်လက် သုံးသပ်ဆောင်ရွက်သင့်တယ်လို့ လွှတ်တော်အနေနဲ့ အကြံပြု လိုပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထိုနည်းတူစွာပဲ ဦးပိုက်လင်း တင်ပြတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင် အကွာရှိ ကုလားတန်မြစ်ရဲ့တစ်နေရာတွင် တောင်ပြိုပြီးရေလမ်းပိတ်ဆို့မှုနှင့် ပတ်သက်ပြီးတော့ မေးမြန်းမှု၊ ဖြေကြားမှုနှင့်ပတ်သက်ပြီးတော့လည်း မြစ်ကြောင်းက သွားလာရေး ခက်ခဲတဲ့အတွက် ပြည်ထောင်စု အဖွဲ့အစည်းဝင်အနေနဲ့ အခြားနည်းလမ်းကို အသုံးပြုပြီး သွားရေးလာရေးလွယ်ကူအောင်ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အစီအစဉ်များရှိတယ်ဆိုရင်လည်း လွှတ်တော်မှာ အသိပေးစေလိုပါတယ်။ထို့အတူပဲ ဒီဒေသမှာ တောင်ပြိုပြီးရေလမ်း ပိတ်ဆို့မှုရှိတာနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စု အဆင့်က မသိရခြင်းကိုလည်း အခုဆွေးနွေးသွားလို့ သိရပါတယ်။ နောက်နောင်တော့ ဤကဲ့သို့ အရေးကြီးတဲ့ ကိစ္စမျိုး တိုင်းဒေသ/ပြည်နယ်အတွင်းမှာ ဖြစ်တယ်ဆိုလို့ ရှိရင် သက်ဆိုင်ရာကတစ်ဆင့် အမြန်ဆုံး သတင်းပို့နိုင်ရေးအတွက်လည်း အဆင့်ဆင့်တာဝန်ရှိတဲ့ လူများကြပ်မတ်သင့်ကြောင်း လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာကို ပြောကြားလိုပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ ယခု အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေး ခန်းမထဲမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင် ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးငွန်မောင်း ၊ ဟားခါးမဲဆန္ဒနယ်၏ ''ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး'' အဆို ကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁ း ၃၅ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုများဆွေးနွေးခြင်း စတင် ဆောင်ရွက်ပါတော့မယ်။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်း တင်သွင်းထားတဲ့ **'' ချင်းပြည်နယ်အတွင်း နိုင်ငံခြားသား ဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး''** အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံ ကြပါစေခင်ဗျား။

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မြေမှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ ယခုချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မြေမှ ဦးငွန်မောင်း အဆိုတင်သွင်း ထားသည့် ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွား လာခွင့်ပြုရေးအဆိုကို ကျွန်တော်ကထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်သည် သာယာလှပပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စား သောဒေသတစ်ခုဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံခြားငွေကို ရရှိစေရန်ဆောင်ရွက်ပေးနေတဲ့

အဓိကကျတဲ့လုပ်ငန်းတွေထဲမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုနှုန်းများခြင်း၊ နည်းခြင်းဟာ ထိုနိုင်ငံရဲ့ ဆွဲဆောင်မှုများဖြစ်တဲ့ အေးချမ်းသာယာခြင်းနှင့် လုံခြုံမှုပြည့်ဝခြင်း၊ စိတ်ဝင်စားဖွယ်နေရာများရှိခြင်းနှင့်လေ့လာသင့်သောနေရာဒေသများစွာရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူခြင်းတို့နှင့်အတူ လွတ်လပ်စွာသွားလာခွင့်ရခြင်း၊ ဝန်ဆောင်မှုကောင်းခြင်းတို့အပေါ် မူတည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်သာလို့ဧည့်ရောက်ဆိုသကဲ့သို့ မြန်မာပြည်ရဲ့သာယာအေးချမ်းခြင်းကို ဖေါ်ဆောင်နိုင်မှသာ ဧည့်သည်ရဲ့စိတ်နှလုံးကို ညွတ်ပြောင်းစေမှာဖြစ်ပါတယ်။ ဒေသအသီးသီးကို ဧည့်သည်ရဲ့ စိတ်ကူးစိတ်သန်းအတိုင်း ဝန်ဆောင်မှုပြည့်ဝသော အိမ်ရှင်အဖြစ်ဆောင်ရွက်ပေးနိုင်မှသာ ဧည့်သည်အတွက်အကျိုးရှိသော ခရီးစဥ်ဖြစ်ပြီး အိမ်ရှင်မှာလည်းဝန်ဆောင်မှုနှင့် အခြားအကျိုးအမြတ်များရရှိနိုင်မှာဖြစ်ပါတယ်။ မြန်မာပြည်၏ ဆွဲဆောင်မှုတွင် ကျောက်မျက်ရတနာပြပွဲသည် အလွန်စိတ်ဝင်စားဖွယ်တစ်ချက်အဖြစ် ကမ္ဘာ့အလယ်တွင် ထင်ပေါ်စေပါတယ်။ ကမ္ဘာကစိတ်ဝင်စားခဲ့တဲ့ **"မြန်မာ့ခရီးသွားနှစ်"**ကို တဖန်ပိုမိုပြီးတော့မှ ကောင်းမွန်သော၊ နိုင်ငံတကာမှ လှိုက်လှိုက်လှဲလှဲ ပူးပေါင်း ပါဝင်သည့် VISIT MYANMAR YEAR ဆောင်ပုဒ်ကိုလည်း ပိုမိုကောင်းမွန်သော မြန်မာ့ခရီးသွားနှစ်ဖေါ်ဆောင်ရန် အချိန်ရောက်ရှိလို့လာပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အား နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ များစွာဆောင်ရွက်နေသည်ကို ကြားသိရတဲ့အတွက်လည်း အထူးပင်ဝမ်းမြောက်ရပါသည်။ ယခုအခါသည်မြန်မာအား ကမ္ဘာက စိတ်ဝင်စားသည့်အခါသမယအဖြစ်လည်းကောင်း၊ အာဆီယံလွတ်လပ်စွာကုန်သွယ်မှု အကြိုကာလ အဖြစ်လည်းကောင်း ရောက်ရှိလို့နေတဲ့အတွက် ချင်းပြည်နယ်သည် လည်းပြည်ထောင်စုကြီးနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ အတူခံစားနိုင်ခြင်းအလို့ငှာ ချင်းပြည်နယ်သို့ နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုပိတ်ပင်ထားခြင်းများ၊ ဥပမာ-၁၉၉၉ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော ဟားခါး နှစ် ၁၀၀ ပွဲတော်သို့ တက်ရောက်ရန် မြန်မာပြည်သို့ တရားဝင်လာရောက်ခဲ့တဲ့ ဟားခါးမြို့နယ်မှာမွေးဖွားခဲ့သူ အမေရိကန်နိုင်ငံသားနှင့် ၎င်းရဲ့ မိသားစုဝင်များဟာ ဟားခါးမြို့ သို့ သွားလာခွင့်မရဘဲနဲ့ ကလေးမြို့အထိသာသွားလာခဲ့ရခြင်းကဲ့သို့ကိစ္စများကို ဖွင့်လှစ် ပေးသင့်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တို့နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ကူးပြောင်းရေးတွင် အစိုးရသစ်သည် အသစ်တို့၏ ယထာဘူတ သဘောဖြင့် ပွင့်လင်းခြင်း၊ ရိုးသားခြင်း၊ တက်ကြွခြင်းတို့ဖြင့် နိုင်ငံတကာ၏အလယ်မှာ ဝင့်ထည်စွာ

အဟောင်းတို့၏ အားသာချက်များကို စံပြုချိုးကျူးရင်း အားနည်းချက်များကိုလည်း မကွယ်မဝှက် ထောက်ညွှန်မှုပြုခြင်းများဖြင့် ဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းမှုကို ရှေးရှုသောစနစ်များနှင့်အတူ အသစ်အသစ်သော အကြံသစ်၊ နည်းသစ်၊ ဥပဒေအသစ်များကို ပိုမိုလက်ခံဖော်ဆောင်သွားနိုင်ရန် အပြုသဘောဆွေးနွေးမှုဖြင့် ဟားခါးမဲဆန္ဒနယ်မြေမှ ဦးငွန်မောင်းအဆိုတင်သွင်းသော **"ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည် နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး"** အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါသည် ခင်ဗျား။ (သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ တာဝန်ရှိသူက ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန် ၊ ၁၁ း ၄၁ ။**

**ဦးစိုးနိုင်(ဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)။** ။ လေး စား အပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ချင်းပြည်နယ်၊ဟားခါးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း အဆိုတင်သွင်းထားတဲ့ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး နှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်ကနေ ပြီးတော့ ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံကို အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုကြသော နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ၊ ကမ္ဘာလှည့်ခရီးသည်များဟာ အဲဒီနိုင်ငံရပ်ခြားမှာရှိတဲ့ မြန်မာသံရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးများမှာ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရယူပြီးတော့ လာရောက်လည်ပတ်လျက်ရှိပါတယ်။ ကမ္ဘာလှည့်ခရီးသည်များ မြန်မာပြည်အတွင်း နေထိုင်လည်ပတ်ခွင့် ခရီးရက်ကိုလည်းပဲ ၂၈ ရက်အထိ ခွင့်ပြုထားပါတယ်။ ဒီလိုလာရောက်တဲ့နေရာမှာ ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေကနေပြီးတော့ အခု ၂၀၁၀ ခုနှစ်အတွင်းမှာ ဝင်ရောက်ခဲ့တဲ့ နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်စုစုပေါင်းဟာ ၃၁၀၆၈၈ ဦးရှိခဲ့ပါတယ်။ အဲဒီအရေအတွက်အထဲမှာ ကမ္ဘာလှည့်ခရီးသည် ဗီဇာဖြင့်ဝင်ရောက်လာတဲ့ ခရီးသည်စုစုပေါင်းဟာ ၂၀၁၉၇၁ ဦးပါဝင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေကို ပြဋ္ဌာန်းထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်များ ဒီလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်နိုင်ဖို့အတွက် ဟိုတယ်လုပ်ငန်းနှင့် တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းဆိုပြီးတော့ လုပ်ငန်းလိုင်စင်များ ခွင့်ပြုပြီးတော့ လုပ်ကိုင်စေလျက်ရှိပါတယ်။

ဒီ ၂၀၁၀ ခုနှစ်အထိ မြန်မာတစ်နိုင်ငံလုံးမှာ ဟိုတယ်နှင့်တည်းခိုရိပ်သာ စုစုပေါင်း ၆၉၁ လုံးရှိပါတယ်။ ခရီးလှည့်လည်ရေး ကုမ္ပဏီ၊ Tour ကုမ္ပဏီစုစုပေါင်းဟာလည်းပဲ ၆၅၈ ခုရှိပါတယ်။ ခရီးသည်ပို့ဆောင်ရေးယာဉ် ၂၁၅ စီး ရှိပါတယ်။ ယခုမြန်မာနိုင်ငံမှာ ဘာသာရပ်မျိုးစုံ လုပ်နေတဲ့ ဧည့်လမ်းညွှန်စုစုပေါင်းဟာလည်း ၄၀၇၇ ဦး ရှိပါတယ်။ ကမ္ဘာလှည့်ခရီးသည် ဗီဇာနဲ့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များကို မြန်မာနိုင်ငံ အတွင်းမှာ ၎င်းတို့ခရီးစဉ်အတိုင်း သွားလာနိုင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနကနေတစ်ဆင့် ကြိုတင်ခွင့်ပြုချက်ရယူပြီးတော့ သွားလာနိုင်ခြင်းတို့နှင့်စပ်လျဉ်းပြီး တော့ ပြည်ထဲရေးဝန်ကြီးဌာနက ကမ္ဘာလှည့်ခရီးသည်များနဲ့ နိုင်ငံခြားသားဧည့်သည်များ ခရီးသွား လာခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်အမိန့်၊ ညွှန်ကြားချက်များကိုလည်းပဲ ထုတ်ပြန်ထား ရှိပါ တယ်။ ဒီအမိန့်၊ ညွှန်ကြားချက်များနဲ့အညီ မြန်မာနိုင်ငံအတွင်းမှာ ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားသား ဧည့်သည်များလှည့်လည် လည်ပတ် လျက်ရှိပါတယ်။

၁၉၉၆ ခုနှစ်တုန်းက ထုတ်ပြန်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကမ္ဘာလှည့်ခရီးသည်များနဲ့ နိုင်ငံခြားသားဧည့်သည်များ ခရီးသွားလာခြင်းဆိုင်ရာ အမိန့်နဲ့ညွှန်ကြားချက်မှာတော့ ထိုစဉ်က ချင်းပြည်နယ်အတွင်း သွားလာမှုကို ကန့်သတ်ချက်အချို့ရှိခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ နတ်မတောင် အမျိုးသားဥယျာဉ်ကို ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၀၂ ခုနှစ်ကစတင်ပြီးတော့ ကမ္ဘာလှည့် ခရီးသည်များ ဒီဒေသနှင့် ချင်းပြည်နယ်အတွင်း လေ့လာလည်ပတ်မှုများကို ကျွန်တော်တို့ ကြိုတင် ခွင့်ပြုချက်ရယူပြီးတော့ ခွင့်ပြုပေးခဲ့ပါတယ်။ နောက်ပိုင်းမှာလည်းပဲ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီး သည်များ ဝင်ရောက်မှု ပိုမိုများပြားလာခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို စိတ်ဝင်စားလာခြင်း တို့ကြောင့် ၂၀၀၇ ခုနှစ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ စီးပွားရေးလုပ်ကိုင်မယ့် နိုင်ငံခြားသားများ၊ ကမ္ဘာလှည့်ခရီးသည်များနဲ့အကြောင်းအမျိုးမျိုးနဲ့ ဝင်ထွက်သွားလာနေကြတဲ့ နိုင်ငံခြားသားများနဲ့ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံသားများရဲ့လုံခြုံရေးနဲ့ ကမ္ဘာလှည့် ခရီးသည်များရဲ့ လုံခြုံရေးတို့အတွက်

ခရီးသွားလာခွင့်ပြုထားသည့် နေရာဒေသ၊ ဒီဒေသကို မည်သည့် လမ်းကြောင်း၊ မည်သည့်ယာဉ်ဖြင့် သွားရောက်မယ် စတဲ့ လိုက်နာဆောင်ရွက်ရန်အတွက် နိုင်ငံခြားသားများ ခရီးသွားလာခွင့် နယ်မြေ ကန့်သတ် အမိန့်ထုတ်ပြန်တဲ့အခါမှာတော့ ဒီချင်းပြည်နယ်အတွင်းမှာ ကန်ပက်လက်၊ နတ်မတောင်၊ မင်းတပ်၊ အေးရွာစခန်း၊ ရမ်ဆီစခန်း၊ ၈ မိုင်စခန်းကနေ ဒီတောင် ဒီဒေသများအပြင် မြို့တော်ဟားခါး နှင့် ဖလမ်းတို့ကိုလည်းပဲ ခရီးသွားလာလုပ်ကိုင်နေတဲ့ ခရီးသွား လုပ်ငန်း ကုမ္ပဏီများရဲ့ အစီအစဉ်နဲ့ လှည့်လည်သွားလာရတဲ့ Package Tour Group နှင့် တစ်ဦးချင်း လွတ်လွတ်လပ်လပ်နဲ့ သွားလာ ရတဲ့ FID လို့ခေါ်တဲ့ (Foreign Independent Traveler) ဒီခရီးသည် နှစ်မျိုးလုံးကို ကြိုတင် ခွင့်ပြုချက်ရယူပြီးတော့ အခုသွားလာခွင့်ပြုထားပြီးဖြစ်ပါတယ်။

ဒီမှာ ကျွန်တော်တို့ ၂၀၀၈ ခုနှစ် မှာတော့ ကမ္ဘာလှည့်ခရီးသည်(၈၀)ဦး၊ ၂၀၀၉ ခုနှစ် မှာ (၁၅၀)ဦး၊ ၂၀၁၀ ခုနှစ် မှာ(၂၈၀)ဦး ချင်းပြည်နယ်အတွင်း ဝင်ရောက်လည်ပတ်ခဲ့တာတွေ့ရပါတယ်။ ဒီနှစ်မှာတော့ ကမ္ဘာလှည့်ခရီးသည်များလည်း ပိုမိုဝင်ရောက်လာတာ တွေ့ရှိရပြီးတော့ အခု ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ တစ်လ ထဲမှာပဲ ချင်းပြည်နယ် နတ်မတောင်ကို လာရောက်လည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည် (၁၁၂)ဦးရှိကြောင်း တွေ့ရှိရပါတယ်။

ချင်းပြည်နယ်ဟာ တောင်ပေါ်ဒေသဖြစ်ပြီးတော့ လမ်းခရီးကြမ်းတမ်းခြင်း၊ ပို့ဆောင်ရေးယာဉ် များခက်ခဲခြင်း၊ ခရီးသွားလာရာမှာလည်းပဲ အချိန်ကြာမြင့်ခြင်း၊ လမ်းခရီးတလျှောက် တည်းခို နေထိုင်ရန် အဆောက်အဦ ကန့်သတ်ချက်ရှိခြင်း၊ ၎င်းတို့အတွက် သင့်တင့်ပြီးတော့ ကျန်းမာရေးနှင့် ညီညွတ်တဲ့ အစားအသောက်နှင့် အသုံးအဆောင်တို့ သီးခြားစီစဉ်ရခြင်း၊ ခရီးစဉ်တစ်လျှောက် လုံခြုံရေး ဆောင်ရွက်ရခြင်းနှင့် အခြားမလိုလားအပ်တဲ့ဖြစ်စဉ်များ မပေါ်ပေါက်အောင် ထိန်းသိမ်း ရခြင်းတို့ကြောင့် ခရီးစဉ်ကို ခွင့်ပြုဆောင်ရွက်ရာမှာ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန တစ်ခုတည်းသာမကဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ ပါဝင်တဲ့ ကော်မတီများက အဆင့်ဆင့် စိစစ် ခြင်း၊ နယ်မြေဒေသမှာရှိတဲ့အဖွဲ့အစည်းအသီးသီးကို ကြိုတင်ပြီးတော့ အသိပေးညှိနှိုင်း အကြောင်း ကြားရခြင်းတို့ ပြုလုပ်ပြီးတော့ ဒီ ခရီးစဉ်သွားတဲ့အခါမှာလည်း ခရီးစဉ်တစ်လျှောက်မှာ လိုင်စင်ရ ဧည့်လမ်းညွှန်များ လိုက်ပါပြီးတော့ သွားလာခွင့်ပြု ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားသားဧည့်သည်များ လာရောက်မှု ပိုမိုပြီးတော့ များပြားလာတာနှင့်အမျှ ချင်းပြည်နယ်ကို လာရောက်မှုဟာလည်းပဲ အချိုးညီစွာ ပိုမိုများပြားလာမှာဖြစ် ပါတယ်။ ဒီလိုလာရောက်တဲ့အခါမှာ ဧည့်သည်များအဆင်ပြေရန်အတွက် အခြေခံအဆောက်အအုံများ

လည်း သင့်တင့်လျောက်ပတ်စွာ တည်ရှိရန်လိုအပ်ပါတယ်။ သို့မှသာ ခရီးသည်များက ကျေနပ်နှစ်သိမ့်မှုရရှိပြီးတော့ နောင်အခါမှာ ထပ်မံပိုမိုလာရောက်လည်ပတ်မှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များကဲ့သို့ သာယာလှပတဲ့ ဒေသတစ်ခုဖြစ်တဲ့အတွက် ကမ္ဘာလှည့်ခရီးသည်၊ နိုင်ငံခြားသား ဧည့်သည်များသာမကဘဲနဲ့ ပြည်တွင်းခရီးသည်များ လာရောက်လည်ပတ်အောင်လည်းပဲ ဆွဲဆောင်ဖိတ်ခေါ် သင့်ပါတယ်။

ကျွန်တော်တို့ အခု ၂၀၀၂ ခုနှစ်က စတင်ပြီးတော့ ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်နှင့် နိုင်ငံခြားသား ဧည့်သည်များ ဝင်ထွက်သွားလာခွင့်ကို ခွင့်ပြုထားပါကြောင်းနဲ့ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နဲ့ ခရီးသည်များ ရောက်ရှိမှုမှာလည်းပဲ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိပါတယ်။ လိုအပ်သည်များကိုလည်းပဲ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်၊ ဟားခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်း တင်သွင်းတဲ့ ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားဧည့်သည်နှင့် ခရီးသည်များ ဝင်ရောက်သွားလာခွင့်ပြုရေး အဆိုအားဆောင်ရွက်ပြီး ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၁ ။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို စတင် တင်သွင်းတဲ့ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းအဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ ထိုနည်းတူစွာပဲ ပြည်ထောင်စုအဖွဲ့ဝင် ကိုယ်စားလှယ် ပြန်လည်ရှင်းလင်းမှုတွေဟာ အင်မတန်မှ ကျိုးကြောင်း ဆီလျော်တာ တွေ့ရှိရပါတယ်။ ကျွန်တော် နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောပေါက်နားလည်လိမ့်မယ်လို့ မျှော်လင့် ပါတယ်။ ဒါကတော့ နောက်ဆုံး ပြည်ထောင်စုအဖွဲ့ဝင် ကိုယ်စားလှယ်တင်ပြသွားတဲ့ အချက်ကို ပြန်လည်သုံးသပ်တဲ့အခါမှာ ဒီအဆိုဟာ သီးခြားထပ်မံတင်သွင်း ဆွေးနွေးရန် မလိုတော့တဲ့ အဆိုတစ်ခုဖြစ်တယ်။ ဘာကြောင့်လည်းဆိုတော့ ဒီကိစ္စတွေကို ဆောင်ရွက်နေပြီဖြစ်တယ်ဆိုတာ ဒီလိုပဲ ကျွန်တော်တို့မှတ်ယူလို့ရပါတယ်။

ဒါကြောင့် ဒီအဆိုကို ဘာကြောင့် ဆက်တင်သွင်းရလည်းဆိုတဲ့အခါမှာ ဒီအဆိုကို ထောက်ခံဆွေးနွေးသွားတဲ့ ဦးခင်မောင်ရည်ရဲ့ ဆွေးနွေးချက်ထဲမှာ ၁၉၉၉ ခုနှစ်က ချင်းပြည်နယ်၊ ဟားခါးမြို့တော်မှာ ကျင်းပတဲ့ ဟားခါးနှစ် ၁၀၀ ပွဲတော်ကို ချင်းပြည်နယ်ဖွား ယခင်က မြန်မာနိုင်ငံ

တိုင်းရင်းသား၊ ယခုတော့ အမေရိကန်နိုင်ငံသားနဲ့ ဇနီးသည်တို့ လာရောက်ခွင့်မရဘဲနဲ့ ကလေးမြို့ကနေ လှည့်ပြန်သွားတယ်ဆိုတဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးသွား တာရှိပါတယ်။ သို့ရာတွင် နောက်ပိုင်းမှာ ခေတ်ကာလအခြေအနေပေါ်မှာ မူတည်ပြီး ပြောင်းလဲတိုးတက်လာတဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ ဆောင်ရွက်မှုတွေဟာ ကျွန်တော်တို့ ကိုယ်စားလှယ်များနည်းတူ နိုင်ငံသူနိုင်ငံသား များလည်း မသိရှိသေးတဲ့အတွက် အခုလို အဆို တင်သွင်းဆွေးနွေးခြင်းဖြစ်တယ် လို့ပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့တော့ ဒီအဆိုဟာ သီးခြားထပ်မံဆွေးနွေးတင်ပြရန် မလိုတော့တဲ့ အဆိုတစ်ခု ဖြစ်တယ်လို့ ဒီလိုယူဆပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာ စတင်အဆို တင်သွင်းတဲ့ ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်ရဲ့ သဘောထားလည်းသိချင်ပါတယ်။

**အချိန်၊ ၁၁ း၅၄ ။**

**ဦးငွန်မောင်း (ဟားခါးမဲဆန္ဒနယ်)။** ။ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ကြီးများခင်ဗျား။ ခုန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီးက ချင်းပြည်နယ် အတွင်း နိုင်ငံခြားသား သွားလာရေးကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြပေး တဲ့အတွက် အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးပြောသလိုပဲ ယင်းကိစ္စဟာ ဆက်လက် ဆွေးနွေးရန် မလိုတော့ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးငွန်မောင်းရဲ့တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ဦးငွန်မောင်း စတင် တင်သွင်းခဲ့တဲ့ အဆိုဟာ သီးခြားထပ်မံတင်ပြ ဆွေးနွေးရန် မလိုတော့ကြောင်း လွှတ်တော်က အတည်ပြုဆုံးဖြတ်ပါတယ်။(သြဘာသံများ)

**ဦးငွန်မောင်း ၊ ဟားခါးမဲဆန္ဒနယ်၏ “ ချင်းပြည်နယ်၏ မြို့တော်ဟားခါးကို အခြားပြည်နယ် မြို့တော်များ ကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁ း ၅၆ ။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး အဌမနေ့မှာ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းတင်သွင်းထားတဲ့ **“ချင်းပြည်နယ်၏ မြို့တော်ဟားခါးကို အခြားပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီတည်ဆောက်ပေးရေး”** အဆိုကို ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ ။** ။ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ထန်တလန်မြို့နယ်၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်။ ဟားခါးမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းတင်သွင်းတဲ့ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ကို အခြား တိုင်းနှင့် ပြည်နယ်မြို့တော်များကဲ့သို့ အဆင့်မီ တည်ဆောက်ပေးရေး အဆိုနှင့်ပတ်သက်၍ ကျွန်မ ဆွေးနွေးတင်ပြမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့သည် သဘာဝအလျောက် အလွန်လှပသောမြို့ဖြစ်ပါတယ်။ နေအိမ်အဆောက်အဦများမှာလည်း သန့်ရှင်းသပ်ရပ်လှပနေပါတယ်။ သို့ရာတွင် လမ်းမကြီးများနှင့် လမ်းသွယ်များတွင် တချို့ကတ္တရာခင်းပြီးဖြစ်သော်လည်း တစ်နှစ်ခန့်သာ ခံပြီး မိုးရွာသည်နှင့် ပြန်လည် ပျက်စီးတာကို တွေ့ရပါတယ်။ သို့ပါ၍ မြို့လှပစေရန်နှင့် သွားလာရေး လွယ်ကူချောမွေ့စေရန် ဟားခါးမြို့ရှိ လမ်းမကြီးများနှင့် လမ်းသွယ်များအားလုံးစံချိန်မီ ကတ္တရာလမ်းများ ခင်းပေးရေး ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဟားခါးမြို့ လျှပ်စစ်ဓာတ်အားရရှိမှုမှာလည်း အလွန်နည်းပါးနေပါတယ်။ (၃)ရက် တစ်ကြိမ်သာ ဓာတ်အားရရှိပြီး ရရှိသည့် အချိန်မှာလည်း ညနေ(၆)နာရီမှ ည(၉)နာရီအထိ (၃)နာရီခန့် သာ ရရှိပါတယ်။ ဓာတ်အားပုံမှန်မရရှိနိုင်ဘဲ ရှိပါသဖြင့် စက်မှုလက်မှုလုပ်ငန်းများ မလုပ်ကိုင်နိုင်သည့် အပြင် နိုင်ငံတော်မှ ထုတ်လွှင့်သော ရုပ်မြင်သံကြားများကိုပင် မကြည့်ရှုနိုင်ဘဲ ရှိနေကြပါတယ်။ သို့ပါ၍ ပြည်နယ်မြို့တော်နှင့်အညီ လျှပ်စစ်ဓာတ်အား (၂၄)နာရီ ရရှိရေးအတွက် စီစဥ်ဆောင်ရွက် ပေးနိုင်ရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဟားခါးမြို့သည် တောင်ပေါ်မြို့ဖြစ်သဖြင့် နွေရာသီအချိန် ရေရှားပါးမှုနဲ့ နှစ်စဥ်ကြုံတွေ့နေရပါတယ်။ သို့ပါ၍ ရေလုံလောက်စွာ ရရှိနိုင်ရေးနှင့် ရေပေးဝေရေးစနစ် ကောင်းမွန်ရေးအတွက် လိုအပ်သလို စီစဥ်ဆောင်ရွက်ပေးနိုင်ပါရန် ဟားခါးမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့ ချင်းပြည်နယ်မြို့တော် ဟားခါးမြို့အား ပြည်နယ်အဆင့်မီ မြို့တော်အဖြစ် တည်ဆောက်ပေးရေး အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ်၏ အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၂း၀၀ ။**

**ဥက္ကဋ္ဌ**။ ။ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ် ရဲ့ အဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်က ရှင်းလင်းဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၁ ။**

**ဦးသိန်းညွန့်(ဝန်ကြီး၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးတာဝန်ယူ ထားတဲ့ ဦးသိန်းညွန့်ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းမှ ချင်းပြည်နယ်၏ မြို့တော် ဟားခါးမြို့အား အခြားပြည်နယ် မြို့တော်များကဲ့သို့ အဆင့်မီ တည်ဆောက်ပေးရေးနဲ့ ရေပေးဝေမှုစနစ်အား မြို့တော် အဆင့်မီရန် ဆောင်ရွက်ပေးဖို့ အဆိုပြု တင်ပြထားပါတယ်။ အဲဒီအဆိုပြုချက်နဲ့ ပတ်သက်ပြီးတော့ ဦးစွာရှင်းလင်းတင်ပြလိုတဲ့ အချက်ကတော့ မြို့နယ်စည်ပင် သာယာရေး အဖွဲ့များရဲ့ တာဝန် ဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေး အဖွဲ့တွေဟာ မြို့စည်ပင် သာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ၊ ဧပြီလ ၁ ရက် နေ့စွဲဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃ ဖြင့် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါ စည်ပင်သာယာရေး ဥပဒေပုဒ်မ ၉ မှာ လုပ်ငန်းတာဝန် ၃၁ ချက် သတ်မှတ်ပေးခဲ့ပါတယ်။ အဆိုပါလုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရန်အတွက် မြို့နယ်များက ခွင့်ပြုထားသည့် အခွန်အခ၊ အကောက်များကို ကောက်ခံပြီးတော့ ရငွေဖြင့် ဝင်ငွေအဖြစ် သတ်မှတ်ပြီး ဥပဒေနှင့်အညီ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ မြို့ပြသာယာလှပရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေသော ဒေသန္တရလုပ်ငန်းအဖွဲ့ကြီးဖြစ်ပါတယ်။

ဟားခါးမြို့နယ်အနေဖြင့် နှစ်စဉ်ကောက်ခံရရှိသည့် အခွန်၊ အခ၊ အကောက်မှာ ဝင်ငွေနည်းပါးသဖြင့် နိုင်ငံတော်မှ နှစ်စဉ်ထောက်ပံ့ငွေဖြင့် ထပ်ဆောင်းပြီး မြို့သာယာလှပရေး လုပ်ငန်းများကို

ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ မြို့တွင်း ကတ္တရာလမ်းများကိုလည်း မိုးများတဲ့ ဒေသမှာ ဆောင်ရွက်ရတဲ့နည်းစနစ်အတိုင်း စံချိန်စံညွှန်းမီအောင် ကြပ်မတ်ပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။ ဒီဇိုင်းပုံစံပြောင်းလဲရေးကိုလည်း စည်ပင်သာယာရေးဦးစီးဌာနမှ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များကို ညွှန်ကြားပြီးတော့ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့သာယာလှပရေးအတွက် ဆောင်ရွက်ပြီးဖြစ်တဲ့ ကတ္တရာလမ်းများကိုလည်းပဲ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဥပမာ တင်ပြရမည်ဆိုရင် ကျွန်တော်တို့ မကြာသေးခင် ကာလအတွင်းမှာပဲ မြို့ပြလမ်းများ အနေဖြင့် လမ်းပေါင်း၂၁လမ်း၊ မိုင်အရှည် ၇ မိုင်၊ ၄ ဖာလုံ ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ လမ်းပေါင်း ၅ လမ်း၊ အရှည် ၁ မိုင်၊ ၃ ဖာလုံ အား ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ နောက်လမ်းပေါင်း ၁၂ လမ်း၊ အရှည် ၁၃ မိုင် ၊၂ ဖာလုံကို အမာခံလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလမ်းတွေမှာ လိုအပ်တဲ့ နေရာတွေမှာ တံတားတည်ဆောက်နိုင်ဖို့အတွက် ကွန်ကရစ်တံတား၅ စင်း၊ သစ်သားတံတား ၁၅ စင်းကိုလည်းပဲ တည်ဆောက်ပေးခဲ့သည့်အပြင် ကျွန်တော်တို့ ဝန်ကြီးဌာန မဟုတ်ဘဲ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း မြို့တွင်းမှာဖြတ်သွားတဲ့ မြို့တွင်းလမ်း ၂ လမ်းကိုလည်း အရှည် ၄ မိုင်၊ ၆ ဖာလုံ အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်၊ လမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက်ကိုလည်းပဲ နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေများ ခွင့်ပြုပြီးတော့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့မှ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး လုပ်ငန်းများအနေနဲ့ ကျွန်တော်တို့စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်တဲ့ လုပ်ငန်းများကို ကျွန်တော်တို့ကောက်နှုတ်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဟားခါးမြို့ဟာ တောင်ပေါ် မြို့ဖြစ်တဲ့ အတွက် အဓိက အားထားရတာက မြို့အနီးအနားမှာရှိတဲ့ ရေထွက်များကို အားထားပြီးတော့မှ ရေထွက်ကနေ ရေကိုသွယ်ယူပြီးတော့မှ မြို့ရေပေးရေးစနစ်ကို ဆောင်ရွက်ရတဲ့ မြို့ဖြစ်ပါတယ်။

ဒါကြောင့် ဟားခါးမှာ ဟာအိုချဲအိုဗားရေထွက် ကနေပြီးတော့မှ တစ်ရက်ကို ရေဂါလန် ၆၀၀၀၀ ခန့် ရရှိအောင် ဆောင်ရွက်ခဲ့ပါတယ်။ ရုန်းတောင်ရေထွက်မှ တစ်ရက် လျှင် ဂါလန် ၂၀၀၀၀ ခန့် ရရှိအောင် ဆောင်ရွက် ထားပါတယ်။ ဗားပီးဗားရေထွက်မှ တစ်ရက်လျှင် ဂါလန် ၂၀၀၀၀ ခန့်ရရှိအောင် ဆောင်ရွက်ထားပြီး၊ စိုက်ပျိုးရေးရေထွက်မှလည်း တစ်ရက်ဂါလန် ၄၅၀၀၀ ခန့် ရရှိအောင် ဆောင်ရွက်ထားပါတယ်။ ထပ်မံပြီးတော့မှ ဇာကျုံးလိုဗား ရေထွက်ကနေပြီးတော့ တစ်ရက်ကို ဂါလန် ၁၅၀၀၀ ခန့်၊ မာရ်ဗားရေထွက်မှ တစ်ရက်ကို ဂါလန် ၂၀၀၀၀ ခန့်

စုစုပေါင်း ကျွန်တော်တို့ စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်ထားတဲ့ ရေထွက်စုစုပေါင်း ၁၃ ခု ကနေပြီးတော့ ပုံမှန်တစ်ရက်ကို ရေဂါလန် ၃၅၀၀၀၀ ခန့် ပေးနိုင်ပြီးတော့မှ နွေရာသီမှာ ရေခက်ခဲတဲ့ အချိန်မှာတော့ ၂၅၀၀၀၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ထပ်မံပြီးတော့ ရေပိုမိုရရှိရေး အတွက်ကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နှင့်အညီ စည်ပင်သာယာရေး ဦးစီးဌာနက နေပြီးတော့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ရေထွက်များ ထပ်မံရှာဖွေပြီးတော့မှ လိုအပ်တဲ့ စီမံချက်များ တင်ပြဖို့အတွက် ကျွန်တော်တို့ ညွှန်ကြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ဟားခါးမြို့ကို မြို့အင်္ဂါရပ်နှင့်ညီဖို့အတွက် ကျွန်တော်တို့ အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့်ပေ ၃၀ ရှိတဲ့ မြို့တော်ခန်းမကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ လက်ရှိအဆင့်မီ မြို့တော်ခန်းမအဖြစ် ကျွန်တော်တို့ တည်ဆောက်ပေးပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဟားခါး နှစ်တစ်ရာ ပွဲတော်ကျင်းပနိုင်ဖို့အတွက် အကျယ်အဝန်း ၇.၅ ဧကရှိသော ဝမ္မသူးမောင် အားကစား ကွင်းကိုလည်းပဲ တည်ဆောက်ပေးခဲ့ပါတယ်။ အလျား ၁၂၀ပေ၊ အနံ ၁၁၀ ပေ၊ အမြင့် ၂၈ပေရှိတဲ့ ခိုင်ကမ်းအားကစားရုံကိုလည်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အလျား ၁၂၀ ပေ၊ အကျယ် ၁၁၀ ပေ ၊အမြင့် ၂၈ပေရှိတဲ့ ဗိုလ်တိုက်ချွန်းအားကစားရုံကိုလည်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အလျား ၉၀ပေ၊ အနံ ၆၀ပေ၊ အမြင့် ၂၅ပေရှိတဲ့ ဗိုလ်ကျွမ်းပိ အားကစားရုံကိုလည်းပဲ ဦးစီးဌာန၊ နိုင်ငံတော်ရဲ့ ပံ့ပိုးငွေနဲ့ တည်ဆောက်ခဲ့ပါတယ်။

အများပြည်သူ အပန်းဖြေနိုင်ဖို့အတွက်လည်း စည်ပင်သာယာရေးဦးစီးဌာနကနေပြီးတော့ ၁.၃၈ ဧကရှိတဲ့ မြို့နယ်ပန်းခြံကိုလည်းပဲ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဟားခါးမြို့မှာ ဆင်းရဲနွမ်းပါးတဲ့တိုင်းရင်းသားလူငယ်များကို ပညာတတ်လူငယ်များဖြစ်ပေါ်ရေးအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး အဲဒီကျောင်းများမှ အခြေခံပညာ အထက်တန်းအောင်မြင်သော ကျောင်းသားတွေကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျွန်တော်တို့ ဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှာ တက်ရောက်စေပြီး ဝိဇ္ဇာ/သိပ္ပံနှင့် အင်ဂျင်နီယာ ဘာသာရပ်တွေ၊ အခြေခံဘာသာရပ်တွေ၊ ဘွဲ့တွေကိုရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီကမှ စာတော်တဲ့ကျောင်းသားတွေကို မဟာဘွဲ့နှင့် ပါရဂူဘွဲ့များရအောင် ဆက်လက်ပြီးတော့ မြေတောင် မြှောက်ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါကြောင့်မို့လို့ လူငယ် သင်တန်းကျောင်း တွေအနေနဲ့ ချင်းပြည်နယ်အတွင်းမှာ ခုနက တင်ပြသလို ဟားခါးမှာ ၁ ကျောင်း ရှိသလို၊ ချင်းပြည်နယ် အတွင်းမှာ လူငယ်သင်တန်းကျောင်း ၉

ကျောင်း ဖွင့်လှစ်ပြီးတော့မှ ပြည်နယ်အတွင်းမှာရှိတဲ့ လူငယ်၊ တိုင်းရင်းသားလူငယ်လေးတွေကို ပညာတတ် လူငယ်များဖြစ်အောင် ကူညီဆောင်ရွက် ပေးလျက်ရှိပါ တယ်။ အလားတူပဲ ဟားခါးမြို့တွင် အိမ်တွင်းမှု သက်မွေးသင်တန်းကျောင်း ဖွင့်လှစ်ပြီးတော့မှ နယ်စပ်ဒေသမှာရှိတဲ့ အမျိုးသမီးငယ်များ အသက်မွေးဝမ်းကျောင်း ပညာရရှိစေရေးအတွက် ဒေသခံ အမျိုးသမီးငယ်များကို အိမ်တွင်းမှု သက်မွေး ပညာရပ်များ အခမဲ့သင်ကြားစေခဲ့ပြီးတော့မှ အလုပ်အကိုင်ရသည်အထိ ကူညီဆောင်ရွက် ပေးခဲ့ပါတယ်။ ဒါကြောင့် ဟားခါးမှာ ကျွန်တော်တို့ ကျောင်း ၁ ကျောင်းဖွင့်လှစ်တဲ့အပြင် ချင်းပြည် နယ်အတွင်းမှာ အိမ်တွင်းမှု သင်တန်း ကျောင်း ၆ ကျောင်း ဖွင့်လှစ်ပြီးတော့မှ ချင်းပြည်နယ် အတွင်း မှာရှိတဲ့ တိုင်းရင်းသူ အမျိုးသမီးများကို အိမ်တွင်းမှု အတတ်ပညာ တတ်မြောက်အောင် ကူညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နောက်တစ်ခါ ဒေသခံတိုင်းရင်းသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ကျန်းမာရေး ဝန်ကြီးဌာနကလည်းပဲ ဟားခါးမြို့ရဲ့အင်္ဂါရပ်နဲ့ညီအောင် ကုတင်၂၀၀ ဆန့် နှစ်ထပ်ဆေးရုံကြီးကို နိုင်ငံတော် ဝန်ကြီးချုပ် ကိုယ်တိုင် ၂၀၁၀ခုနှစ်အတွင်းမှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ အခြားသော ဝန်ကြီးဌာနများ ကလည်းပဲ ဗဟိုရန်ပုံငွေနဲ့ မြို့တော်အဆင့်မီရုံးများ ဖြစ်ပေါ်လာအောင် တည်ဆောက် ပေးတဲ့အပြင် ဝန်ကြီးဌာနရဲ့ ရိပ်သာများ၊ အခြားအဆောက်အဦများဆောက်လုပ်ပေးခဲ့သဖြင့် ဟားခါးမြို့ဟာ ယခင်ကနှင့်မတူ တိုးတက်ပြောင်းလဲနေတာ ရောက်ရှိတဲ့သူတိုင်းမှာ တအံ့တဩ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ အရ မြို့နယ်စည်ပင် သာယာရေး အဖွဲ့များရဲ့ အခွန်များကို ပြည်နယ်ဝန်ကြီးချုပ်များမှ ပြည်နယ် ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေအတိုင်း ကောက်ခံပြီး သက်ဆိုင်ရာမြို့များမှာ စည်ပင်သာယာရေးအဖွဲ့များရဲ့ ဥပဒေနှင့်အညီ ပြန်လည်သုံးစွဲရန် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ထို့ကြောင့် နောင်မှာလည်း ယခု ဆောင်ရွက်ခဲ့သလိုပဲ ပြည်နယ် ဝန်ကြီးချုပ် ကနေပြီးတော့ လက်ရှိ အရှိန်အဟုန်အတိုင်း မြို့အင်္ဂါရပ် နှင့်ညီ အောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ချင်းပြည်နယ်၊ ဟားခါးမြို့ကို အဆင့်မီ မြို့တော်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတော်မှ တည်ဆောက်ပေးလျက်ရှိပြီး၊ ယခု တင်ပြချက် ဟာ နိုင်ငံတော်မှဆောင်ရွက်နေသော လုပ်ငန်းဖြစ်တဲ့အတွက် သီးခြားအဆိုပြုရန် မလိုတော့ပါ ကြောင်းနှင့် သိရှိနိုင်ပါရန် ပြန်လည် ဖြေကြားအပ်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၁၀ ။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးငွန်မောင်း တင်ပြတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ထန်တလန်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း ဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးတဲ့နေရာမှာ ဟားခါးမြို့နဲ့

ပတ်သက်ပြီးတော့ အဆင့်မီလမ်းများ ဖြစ်ပေါ်တည်ဆောက်ရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ အချိန်ပြည့်ရရှိရေး၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးများကို ဆွေးနွေးတင်ပြခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီးရဲ့ ပြန်လည်တင်ပြချက်မှာ တင်ပြခဲ့တဲ့ လမ်းများကောင်းမွန်ခြင်းကိစ္စ၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးကိစ္စ၊ ရေလုံလောက်စွာရရှိရေး ကိစ္စများကို ဘယ်သို့ဘယ်ပုံဆောင်ရွက်ပေးမယ်၊ ဆောင်ရွက်ပေးလျက်ရှိတယ်ဆိုတာလည်း အားလုံး ပါသွားတဲ့ အပြင် ပိုမိုရှင်းလင်းစေဖို့အတွက် ချင်းပြည်နယ်အတွင်းမှာ ရှိကြတဲ့ တိုင်းရင်းသား ပြည်သူများ လူ့စွမ်းအားအရင်းအမြစ် ပိုမိုမြင့်မားရေးအတွက် ဆောင်ရွက်နေမှုများကိုလည်း အကျယ် တဝင့် ရှင်းလင်းသွားတဲ့အတွက် ဝမ်းမြောက်စွာကြားသိရပြီး ဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ တင်ပြချက်ရဲ့ နောက်ဆုံးပိုင်းမှာ ပြန်ခြုံငုံတင်ပြတာကတော့ ဦးငွန်မောင်း တင်ပြသည့် အဆိုပြုချက်သည် သီးခြားထပ်မံ တင်ပြဆွေးနွေးရန် မလိုတော့တဲ့ အဆိုတစ်ခုဖြစ်ကြောင်း ထပ်လောင်း ရှင်းလင်းသွားတာတွေ့ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ လည်း ဆောင်ရွက်နေမှုဖြစ်တဲ့ လုပ်ငန်း ကိစ္စရပ်များကို သီးခြားထပ်မံဆွေးနွေးရန် မလိုတော့တဲ့ အဆိုတစ်ခုဖြစ်တယ်လို့ပဲ သုံးသပ်လို့ ရရှိပါတယ်။ သို့ရာတွင် အဆိုစတင်တင်သွင်းတဲ့ ဦးငွန်မောင်းရဲ့ သဘောထားကိုလည်း သိလိုပါတယ်။

**ဦးငွန်မောင်း(ဟားခါးမဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုလို ဝန်ကြီးမှ ဖြေကြားပေးတဲ့အတွက် ၊ သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဆက်လက် ဆွေးနွေးရန် မလိုတော့ ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့ နောက်ဆုံး တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဟားခါးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးငွန်မောင်းရဲ့ အဆိုကို ဆက်လက်ဆွေးနွေးရန် မလိုကြောင်း လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေညာပါသည်။

## ဦးထွန်းမြင့်ဦး ၊ မိုင်းပန်မဲဆန္ဒနယ်၏ ''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန်အဆို'' တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က) အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အား လွှတ်တော်ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာ ဖတ်ပြတင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြမှာ ဖြစ်ပါတယ်။ **''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန်အဆို''** ကို တင်သွင်းဖို့ ဦးထွန်းမြင့်ဦး အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း ၁၅ ။**

**ဦးထွန်းမြင့်ဦး(မိုင်းပန် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန်အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျင်းပနေဆဲ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့ နဝမ မြောက်နေ့မှာ အောက်ဖော်ပြပါအတိုင်း အဆိုကို တင်သွင်းအပ်ပါတယ်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ နိုင်ငံတစ်ခု၏ သန်းခေါင်စာရင်းသည် အောက်ပါကိစ္စရပ်များအတွက် အရေးကြီးပါသည် -

(က) ဖွံ့ဖြိုးရေးစီမံကိန်းများ စနစ်တကျ ရေးဆွဲနိုင်ရန်အတွက် နိုင်ငံ၏ လူသားအရင်းအမြစ် စာရင်း၊ လုပ်အားရှင်စာရင်း စသည်များ လိုအပ်ပါသည်။

(ခ) နောင် ကျင်းပမည့် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများ အပါအဝင်ဖြစ်သည့် ရွေးကောက်ပွဲများတွင် နိုင်ငံသားမဲတစ်ပြားအတွက် အရေးကြီးသည့် စာရင်းဇယား အခြေခံ ခိုင်မာရေး လိုအပ်ချက်ရှိပါသည်။

(ဂ) ပြည်တွင်းပြည်ပ ရွှေ့ပြောင်းလုပ်သားဦးရေ စီးဆင်းမှုကို မှန်ကန်ထိရောက်စွာ စောင့် ကြည့် ထိန်းကျောင်းနိုင်ရန် လိုအပ်ပါသည်။

(ဃ) တိုင်းရင်းသား မျိုးနွယ်စုများ၏ စာရင်းဇယား အမှန်အကန်ရရှိမှသာလျှင် ၎င်းတို့၏ စာပေနှင့်ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မြင့်မားရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာ ကူညီနိုင်မည်ဖြစ်ပါသည်။

အထက်ပါ အကြောင်းအရင်းများကြောင့် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် အဆိုတင်သွင်းအပ်ပါသည်။ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုကို ရှင်းလင်း ဖွင့်ဆိုရမယ် ဆိုရင် အဆိုရဲ့အပိုဒ်(က)ပါ အချက်ရဲ့ ဆိုလိုရင်းကတော့ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေနဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး G.D.P စနစ်တကျ ရေးဆွဲပြီး ကိန်းဂဏန်း ခိုင်ခိုင်မာမာနဲ့ တွက်ချက်စီမံနိုင်ဖို့ဆိုတာ အဲဒီနိုင်ငံအတွင်းရှိ လူသားအရင်းအမြစ် အဖြစ် လုပ်အားရှင်များရဲ့ အသက်အရွယ် ၊ ကျား ၊ မ နေရာဒေသစတဲ့ တိကျတဲ့ စာရင်းဇယား လိုအပ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့ နိုင်ငံတစ်နိုင်ငံအတွက်ဆိုတာက ပိုပြီးအရေးကြီးတဲ့လိုအပ်ချက်ဖြစ်ပါတယ်။

အဆိုရဲ့ အပိုဒ်(ခ)ပါ အချက်ကို ရှင်းလင်းရရင်တော့ ရွေးကောက်ပွဲတစ်ခု ကျင်းပရာမှာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနယ်မြေတစ်ခုချင်းအလိုက် နေထိုင်ကြတဲ့ မဲဆန္ဒရှင်များနဲ့ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် တန်ဖိုးရှိလှတဲ့ မဲတစ်ပြားကလည်း လူဦးရေ၊ အသက်၊ ကျားမ အိမ်ထောင်စုစာရင်း၊ ပုံစံ ၁၀ စတဲ့ စာရင်းဇယားတိကျ ခိုင်မာမှုအပေါ် အရေးထားရပါတယ်။ တိကျခိုင်မာတဲ့ စာရင်းဇယားမရှိတဲ့အတွက် ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ရှုပ်ထွေးမှုပေါင်းများစွာကို ကျေးရွာ၊ ရပ်ကွက် ၊ အုပ်စုတိုင်းလိုလိုမှာ ကြုံတွေ့ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ မဲဆန္ဒပေးပိုင်ခွင့်ရှိတဲ့ လူဦးရေစာရင်းဇယားတွေ အမှားမှားအယွင်းယွင်း ဖြစ်နေတဲ့အတွက် ရွေးကောက်ပွဲ ကော်မရှင်ကို မဲဆန္ဒရှင်များက မယုံသင်္ကာ ဖြစ်လာကြတဲ့ကိစ္စပါဘဲ။

အဆိုအပိုဒ်(ဂ)ရဲ့ ဆိုလိုချက်ကတော့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ အကြောင်းအမျိုးမျိုးနဲ့ သွားရောက်အလုပ်လုပ်ကိုင်နေကြသူတွေရဲ့ လူမျိုး၊ အသက်အရွယ် ၊ ကျား ၊ မ ၊ အချိန်ကာလ၊ သေဆုံး၊ ပျောက်ဆုံးစတဲ့ စာရင်းကောက် ယူပြုစုထား ရှိနိုင်မှုဟာလည်း အထူးသဖြင့် နယ်စပ်ဒေသ မြို့နယ်တွေမှာ လိုအပ်နေပါတယ်။ ဒါတွေကို တိတိကျကျ သိနိုင်မှသာ ပြည်တွင်းမှာ ကျန်ရှိတဲ့ လူဦးရေ၊ လုပ်အားရှင်၊ သက်ကြီးရွယ်အိုစတာတွေကို မှန်ကန်စွာ သိရှိနိုင်မှာ ဖြစ်ပါတယ်။

အဆိုအပိုဒ်(ဃ)ရဲ့ ဆိုလိုရင်းကတော့ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဒေသ အနှံ့အပြားမှာ တိုင်းရင်းသားမျိုးနွယ်အများစုဟာ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ အဲဒီ တိုင်းရင်းသား မျိုးနွယ်အများစု အပါအဝင်ဖြစ်တဲ့ မျိုးနွယ်စုများရဲ့ ကျား ၊ မ အလိုက် ၊ အသက်အရွယ် စာရင်း ၊ ကိန်းဂဏန်းများကို ဒေသအလိုက်၊ အတိအကျ စာရင်းကောက်ယူပြုစု ထားရှိနိုင်ပါမှ အဆိုပါ

တိုင်းရင်းသားများတို့ရဲ့ စာပေနှင့် ရိုးရာ အမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေး စတဲ့ လုပ်ငန်းစဥ် များမှာ ထိရောက်စွာ ပါဝင်လုပ်ဆောင်ကူညီနိုင်ကြမှာလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ မြန်မာနိုင်ငံမှာ လူဦးရေသန်းခေါင်စာရင်းဇယား ကောက်ယူမှု စနစ်ဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများက ပြုစုနေရတဲ့ စာရင်းပုံစံ ၂၃ မျိုးအရ လည်းကောင်း၊ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဝန်ထမ်းများရဲ့ ကောက်ယူမှုစာရင်း သို့မဟုတ် နှစ်စဥ် လူဦးရေ တိုးပွား နှုန်း တွက်ချက်ပုံစာရင်းတို့ဟာ မြို့နယ်ချုပ်လူဦးရေစာရင်းရရင် သက်ဆိုင်ရာ ဌာနအလိုက် ကွဲလွဲမှု ရှိနေတတ်တာ ကြုံတွေ့သိရှိမြင်တွေ့ခဲ့ရဘူးပါတယ်။

အထက်ဖော်ပြပါ အကြောင်းအရင်းများကြောင့် မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ယူရန် လိုအပ်ပါကြောင်း ဖတ်ကြားဆွေးနွေးရင်း ကျွန်တော့်အဆိုကို နိဂုံးချုပ် အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း ၂၀ ။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုတင်သွင်းထားတဲ့ ဦးထွန်းမြင့်ဦးရဲ့ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ ထောက်ခံချက် လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီး မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းနိုင်ကြ ပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ် ၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး တင်သွင်းသွားသော မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန်အဆို တင်သွင်းခြင်းကို ထောက်ခံပါတယ်ခင်ဗျား။(ဩဘာသံများ)

**အချိန်၊ ၁၂း ၂၅ ။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး တင်သွင်းသွားတဲ့ အဆိုကို ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း က ထောက်ခံသွားပါတယ်။ အဆိုမှာ **''မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူ ရန်''** အဆို ဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ဆန္ဒကိုရယူပါမယ်။ ဦးထွန်းမြင့်ဦး တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**အချိန်၊ ၁၂း ၃၀ ။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦး တင်သွင်းတဲ့ အဆိုနဲ့ စပ်လျဥ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါတော့မယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး အစည်းအဝေး ခန်းမထဲမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၃း၂၇။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ ''မြန်မာနိုင်ငံတွင် (၁၀၀%) စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင် အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲ စနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး '' အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည်က အဆိုတစ်ရပ်တင်သွင်းလိုကြောင်း ကြိုတင်ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ (က)အရ အဆိုတင်သွင်းမည့် ကိုယ်စားလှယ်အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌက ဖိတ်ခေါ်တဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က မိမိအဆိုကို ဦးစွာဖတ်ပြ

တင်သွင်းပြီး ဆွေးနွေးပြောဆိုရန် သို့မဟုတ် အဆိုကို မတင်သွင်းလိုတော့ကြောင်း တင်ပြရန် ဖြစ်ပါတယ်။ **“မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင် အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲ စနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး ”** အဆို ကို တင်သွင်းဖို့ ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည် အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် (အလုံမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မြေမှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မှ အဆိုတစ်ခု တင်သွင်းပါမယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ခါသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာခဲ့ပြီး ထို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပေါ်ပေါက်လာ သော ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များလည်း အသီးသီး ဖြစ်တည်လာခဲ့ပြီးဖြစ်ပါသည်။ ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် အချုပ်အခြာအာဏာ သုံးရပ်ကို ပီပြင်စွာ ခွဲခြားကျင့်သုံးနိုင်ခဲ့ပြီဖြစ်သော အမိ မြန်မာနိုင်ငံတော်နှင့် ပြည်သူပြည်သားအပေါင်းတို့အတွက် အထူးကောင်းမြတ်ခြင်း နိမိတ်မင်္ဂလာ ဆောင်သည့် ဤမင်္ဂလာအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံးတို့ရဲ့ အကျိုးစီးပွားကို အခြေခံထားပြီး ပညာရေးကဏ္ဍများနဲ့ သက်ဆိုင်သော အောက်ပါ အဆိုမူကြမ်းကို တင်သွင်း လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှု အကောင်အထည်ဖော်နိုင်ရန် အခမဲ့ မသင်မနေရ မူလတန်း ပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက် နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်း ကပါ နှစ်ရပ်စလုံး ပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး အတွက် ပညာရှင်များ

ပါဝင်သည့် ကော်မရှင် တစ်ရပ် ဖွဲ့စည်း၍ အဖြေရှာရန် အဆိုပြုတင်သွင်း အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန် ၊ ၁၃ း ၃၃ ။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ထောက်ခံချက် လိုအပ်ပါတယ်။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းအောင်( သံဖြူဇရပ် မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ကလေးများ၏ ပညာရေးမဖွံ့ဖြိုးနိုင်သော ကျေးလက်နေမိသားစု၊ ဆင်းရဲသောမြို့ပြနေ မိသားစုများစွာရှိသည်။ မိသားစုများသည် ၎င်းတို့ကလေးများ ကျောင်းအခမဲ့တက်ရသော်လည်း ကျောင်းဝတ်စုံဝယ်မပေးနိုင်ခြင်း၊ စာအုပ်၊ ခဲတံ၊ ပေတံ၊ ဘောပင် စာအုပ်များကို ဝယ်မပေးနိုင်ခြင်း၊ ဖိနပ်ဝယ်မပေးနိုင်ခြင်းများကြောင့်၊ ကျောင်းမထားနိုင်ဖြစ်ပါသည်။ ထို့အပြင် မိသားစုသည် ဆင်းရဲလွန်းသောကြောင့် စားဝတ်နေရေးအတွက် ကလေးများ၏လုပ်အားခကို ပြန်လည်မျှော်ကိုးမှုများလည်း ရှိနေပါသည်။ ထိုအခြေအနေကို အစိုးရကလိုအပ်သော စီမံမှုများပြုလုပ်ရန် လိုအပ်ပါသည်။ အဲဒါကိုထောက်တော့ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည် တင်သွင်းသည့် မြန်မာနိုင်ငံတွင် (၁၀၀%)စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာအလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ်အား ကျွန်တော် လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။( သြဘာသံများ)

**အချိန် ၊ ၁၃ း ၃၃ ။**

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အလုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် တင်သွင်းတဲ့အဆိုကို သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်က ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံတွင် (၁၀၀%) စာတတ်မြောက်မှု အုတ်မြစ်ခိုင်မာရေး ရှေးရှုအကောင်အထည်ဖော်နိုင်ရန် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မှုအား အခြေခံပညာ အလယ်တန်းအဆင့်ထိ မသင်မနေရ အခမဲ့ ပညာရေးစနစ် (Duty to Educated Children)အဖြစ် ပြဋ္ဌာန်းရန်နှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော စာမေးပွဲစနစ်ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့်

ပညာရေးစနစ်ကို အစိုးရနှင့် ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများ ရရှိရေး အဆို ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် က လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**အချိန်၊ ၁၃ း ၄၀ ။**

**ဥက္ကဋ္ဌ။** ။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် တင်သွင်းတဲ့ အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၃ း ၄၂ ။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရည်(ခ) ဦးခိုင်မောင်ရည် တင်သွင်းတဲ့ အဆိုကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့(အင်္ဂါနေ့) ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့မှာ ဆွေးနွေးပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈(ဂ)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ပါတယ်။ ထို့အတူ ဦးထွန်းမြင့်ဦး မိုင်းပန်မဲဆန္ဒနယ်ရဲ့ **‘‘မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ’’ အဆို** တင်သွင်းခြင်းနှင့် ၄င်းအဆိုအပေါ် ဆွေးနွေးရန်အတွက် ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃ း ၄၅ ။**

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ယခု ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကော်မတီ လေးရပ်နဲ့ လွှတ်တော်ကော်မတီမှာ ပါဝင်တဲ့ ကိုယ်စားလှယ်များအနေနဲ့ ကော်မတီလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်ရှိပါက ဆောင်ရွက်နိုင်ရန် အတွက် ဒုတိယထပ်မှာ ကော်မတီအလိုက် နေရာများနဲ့ ရုံးအဖွဲ့များနဲ့ တွေ့ဆုံနိုင်ရန်အတွက် ယနေ့မှစပြီး စီစဉ်ထားရှိပါတယ်။ တွေ့ဆုံဆွေးနွေးရန်ရှိပါက ကော်မတီအလိုက် ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး နဝမနေ့ကို ၁၃း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]